www.burmeseclassic.com



# ပိုးစကဂိရင်

ကတ္တီပါ

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## ကတ္တီပါထောင်ချောက်

စီစဉ်သူ - ဦးအောင်စိုး (မော်လမြိုင်)

တမှုခွင့်ပြုချက်အမှတ် - ၅၀၁၃၂၆၁၀၁၁

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၀၀၁၁၂

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးပန်းချီ - စောမင်းဝေ

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး

စာအုပ်ချုပ် - ကိုနိုးနိုင်နှင့်အဖွဲ့

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၀၊ မတ်လ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး — ခုနစ်စင်ကြယ်စာပေ

အမှတ် ၁၈၂ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅ · ၈၃

မိုးစက်ပိုင်

ကတ္တီပါထောင်ချောက် / မိုးစက်ပိုင် ။ - ရန်ကုန်
သိန်းမင်းစာပေ ၊ ၂၀၁၂ ။
၁၅၁ - စ ၊ ၁၃ x ၂၀ စင်တီ။
(၁) ကတ္တီပါထောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com

# မိုးဓာဂိုင်

## ကတ္တီပါတောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်နာကျင်ခံစားရအောင်
မမြင်နိုင်တဲ့နေရာတနေ
ပိပိရိရိ လုပ်ကြံဖို့
ထောင်ချောက်အဖြစ်
စနစ်တကျ တပ်ဆင်လိုက်တယ်၊

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အဲဒီထောင်ချောက်ထဲမှာ
မျှော်လင့်မထားတဲ့ချစ်ခြင်းတရားတွေ
ရစ်ခြုပါဝင်လာတော့ . . .။



## အခန်း (၁)

"ဝါး"

အိပ်ရာမှနိုးနိုးချင်း လက်နှစ်ဖက်ဆန့်တန်း၍ သူ အားရပါးရ သန်းဝေလိုက်မိသည်။ တစ်ဆက်တည်း ဘေးစားပွဲပေါ်တွင် တင်ထားသော နာရီကိုလည်း တစ်ချက်ကြည့်လိုက်၏။ နာရီလက်တံနှစ်ခု ပေါင်းစပ်ကာ ညွှန်ပြနေသည်က ဆယ်နာရီ ဆယ့်ငါးမိနစ်။

မျက်ခုံးတစ်ချက်ပင့်ရင်း အိပ်ရာမှ ထလိုက်၏။ သူ့တစ်ကိုယ်လုံး အားအင်အပြည့်နှင့် လန်းဆန်းပေါ့ပါးနေသည်ဟု စိတ်ထဲ၌ ခံစားမိသည်။

ပြီး . . . တစ်ဆက်တည်း သတိရမိသွားသဖြင့် မွေ့ရာပေါ် မွေ့နောက်ကာ သူလိုချင်သောအရာကို ရှာလိုက်သည်။ သိပ်မရှာလိုက်ရ။ ခဏအကြာမှာပဲ သူ့လက်ထဲတွင် လက်ပတ်နာရီလေးတစ်လုံးက အခန့်သား



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်။

နာရီဒိုင်ခွက်ကိုကြည့်ရင်း သူ မဆိုမပို့ပြုံးလိုက်၏။ ဒိုင်ခွက်တွင် ညွှန်ပြနေသည့်အချိန်က သုံးနာရီလေးဆယ့်ငါးမိနစ်တိတိ။ ပြီး . . . နာရီလက်တံများကလည်း တညီတညွတ်တည်း လှုပ်ရှားမှု ကင်းမဲ့နေကြလေသည်။

အမှန်တော့ သုံးနာရီလေးဆယ့်ငါးမိနစ်ဆိုသောအချိန်တွင် သူကိုယ်တိုင်ပဲ ထိုနာရီမှသော့သီးကို တစ်ဆတ်ဆတ်ဖြုတ်၍ အချိန်ရပ်ထားခဲ့ခြင်းသာ ဖြစ်သည်။

ဘာကြောင့်လဲ . . . ?

ခိုင်လုံသောအကြောင်းပြချက်က သူ့ထံတွင် ရှိပါသည်။

ထိုနာရီ ရပ်ထားခဲ့သောအချိန်သည် လွန်ခဲ့သောနှစ်လကျော်ကာလက သူနှင့်ရည်းစားဖြစ်သူ 'ရတနာ' ဆိုသည့် ကောင်မလေးအား သူ့စိတ်ထဲမှ လုံးဝမောင်းထုတ်လိုက်သော အချိန်ဖြစ်သောကြောင့်ပင်ဖြစ်၏။

နာရီကို တစ်ချက်ကြည့်ပြီး အခန်းထဲမှ နံရံကပ်ဗီရိုကို ဖွင့်လိုက်သည်။ ပြီး . . . ထိုဗီရိုထဲမှ အံဆွဲတစ်ခုကိုလည်း ဆွဲဖွင့်လိုက်၏။

ထိုအံဆွဲအတွင်းမှာတော့ တစ်လုံးချင်း သပ်ရပ်စွာစီထည့်ထားသော အမျိုးအစားကွဲပြားသည့် လက်ပတ်နာရီများနှင့် ဒိုင်ယာရီစာအုပ်တစ်အုပ်က ရှိနေပါသည်။

သူက လက်ထဲတွင် ကိုင်ထားသော လက်ပတ်နာရီလေး၏နောက်ကျောမှာ စတေကာလေးတစ်ခု ကပ်လိုက်၏။ တစ်ဆက်တည်း ဘောပန်





ယူကာ ထိုစတေကာပေါ်တွင် စာလုံးအချို့ ချရေးလိုက်သည်။

ထိုစာလုံးတွေကတော့ ရိုးရှင်းပါသည်။ လူတစ်ယောက် ရုတ်တရက် နားမလည်နိုင်သော ဘာသာစကားမဟုတ်။ '၂၆. ရတနာ' ဟု ရေးထားခြင်းသာ ဖြစ်သည်။ ထို့နောက် ဒိုင်ယာရီစာအုပ်ထဲတွင်လည်း စာကြောင်းတချို့ ချရေးလိုက်၏။

ပြီး . . . ဒိုင်ယာရီစာအုပ်နှင့် လက်ပတ်နာရီတို့ကို အံဆွဲအတွင်း၌ သပ်ရပ်စွာ စီထည့်လိုက်ရင်း အံဆွဲကိုလည်း ခပ်ဖြည်းဖြည်း တွန်းပိတ်လိုက်သည်။

ထို့နောက် ပန်းအသာတွန့်ရင်း သူ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်က . . .

"ရတနာရေ . . . မင်းဟာ မတော်လိုက်ရတဲ့ ငါ့ရဲ့ နှစ်ဆယ့်ခြောက်ယောက်မြောက် သတို့သမီးပါပဲကွာ"

'သူ'ဆိုသည်မှာ မနေ့ညနေ သုံးနာရီလေးဆယ့်ငါးမိနစ်တိတိကပဲ ရည်းစားဟောင်းနှင့် လမ်းခွဲခဲ့သောတေ။

သို့မဟုတ် လောလောဆယ် ရည်းစားလစ်ဟင်းနေသော . . .

"ညီဇ"

■

www.burmeseclassic.com

## အခန်း (၂)

အပြင်ထွက်ရန် အဝတ်အစားလဲပြီးချိန်မှာတော့ အသင့်ဝယ်ထားသည့် နာရီအသစ်ကို ညီဇ ပတ်လိုက်သည်။ ပြီး စားပွဲပေါ်မှ နာရီနှင့်အချိန်တိုက်ကာ အခန်းထဲက ထွက်ခဲ့လိုက်၏။

အိမ်အပေါ်ထပ်မှဆင်းလာသော သားဖြစ်သူကိုကြည့်ကာ ဦးကျော်ဇ မျက်ခုံးပင့်လိုက်မိသည်။

ဖတ်လက်စ ဂျာနယ်ကိုပင် စားပွဲပေါ် အသာချလိုက်ပြီး ...

"ငါ့သားက ဒီနေ့ ထူးထူးဆန်းဆန်းပါလားကွ၊ ဒယ်ဒီက ခါတိုင်းလိုပဲ သား မနက်စောစော အပြင်ထွက်သွားပြီထင်နေတာ"

ညီဇက ပခုံးအသာတွန့်လိုက်ပြီးမှ ဖခင်ဖြစ်သူရှေ့မှာ ဝင်ထိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



''မသွားပါဘူး ဒယ်ဒီရာ၊ နှစ်လကျော်လုံးလုံး အကြိုအပို့လုပ်ပေးနေတဲ့အလုပ်က သား အနားယူလိုက်ပြီလေ''

စကားအဆုံးမှာ ဦးကျော်ဇေက သဘောကျသလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရယ်သည်။ ပြီးမှ . . .

''ဪ . . . ဒါဆိုရင် လက်ရှိတွဲနေတဲ့ ကောင်မလေးက''

စကားမဆုံးခင် ညီဇေက ဖြတ်၍ . . .

''ဟုတ်တယ် ဒယ်ဒီ၊ ဒယ်ဒီထင်သလိုပါပဲ . . . အဲဒီကောင်မလေးက ဒယ်ဒီမျှော်လင့်ထားတဲ့ ချွေးမ့လောင်းဖြစ်လာမှာ မဟုတ်တော့ဘူး။ အရည်အချင်းမမီလို့ သား အနီကတ်ပြလိုက်ပြီ''

''ဟုတ်ပါပြီကွာ၊ ငါ့သားကတော့ တကယ်စံပါပဲ၊ ဒါနဲ့ ဒယ်ဒီ့အတွက် ချွေးမလောင်းအသစ်တော့ သား ရှာပေးဦးမှာပါနော်''

ဦးကျော်စကားကြောင့် ညီဇေ နှုတ်ခမ်းတွန့်လိုက်မိသည်။

''ဒယ်ဒီကသာ သား အရွယ်ရောက်ပြီဆိုပြီး မိန်းမယူစေချင်နေတာလေ၊ သားက ရည်းစားပဲ ထားချင်တာဗျ၊ မိန်းမယူဖို့ဆိုတာ ခေါင်းထဲမှာတောင် မရှိသေးဘူး''

ညီဇေအပြောကြောင့် ဦးကျော်ဇေမျက်နှာ အနည်းငယ် တည်သွားရပြီး . . .

''အဲဒီလိုလည်း မဟုတ်သေးဘူးလေ သားရဲ့၊ သားနဲ့ဒယ်ဒီနဲ့က အိမ်မှာ နှစ်ယောက်တည်း နေနေတာ၊ သားလည်း အရွယ်ရောက်ပြီဆိုတော့ ဒယ်ဒီ့အလုပ်တွေကို လွှဲပေးချင်နေပြီလေ၊ အဲဒီအခါမှာ သားနောက်က





ကူညီပံ့ပိုးပေးဖို့အတွက် အိမ်ထောင်ရှင်မကောင်းတစ်ယောက်တော့ လိုမှာပဲ ဒါမှ ဒီအိမ်ကြီးရဲ့အိမ်မှုကိစ္စတွေကို စီမံနိုင်မှာပေါ့''

''ဟာဗျာ . . . ဒယ်ဒီကလည်း။ သားနဲ့ဒယ်ဒီ စားဖို့သောက်ဖို့နဲ့ အိမ်မှုကိစ္စတွေကို ဦးလေးမြိုင်တို့လင်မယားက လုပ်ပေးနေတာပဲဥစ္စာ၊ ဒါကိုမှ လိုအပ်တယ်လို့ထင်ရင် ဒယ်ဒီ နောက်မိန်းမ ထပ်ယူလိုက်ပါလား''

စကားအဆုံးမှာ ဦးကျော်ဇ တဟားဟား ထရယ်တော့သည်။ တစ်ဆက်တည်း ညီဇေကို လက်ကာပြရင်း . . .

''တော်ပါတော့ကွာ၊ ဒယ်ဒီဘက်ကို မြားဦး ပြန်လှည့်မလာပါနဲ့၊ ဒယ်ဒီ့မှာက သားရှိရင် ပြည့်စုံနေပါပြီ၊ သားအတွက်ပဲ သားစဉ်းစားပါ . . . ဟုတ်ပြီလား''

ခေါင်းမညိတ် ခေါင်းမခါဘဲ ညီဇေ ထရပ်လိုက်သည်။ ပြီး ရယ်ကျဲကျဲလုပ်လျက် . . .

''ကဲပါ ဒယ်ဒီရာ . . . ဒယ်ဒီ့ဆန္ဒပြည့်အောင် သား ကြိုးစားကြည့်ဦးမယ်၊ ခုတော့ သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ သား အပြင်ကို သွားလိုက်ဦးမယ်''

ညီဇေ ခြေလှမ်းပြင်လိုက်သည်ကိုကြည့်ကာ ဦးကျော်ဇေက သတိရသွားဟန်ဖြင့် . . .

''ဪ သား . . . မနက်ဖြန်ကျရင် အလုပ်ကိစ္စတစ်ခု သဘောတူလက်မှတ်ထိုးဖို့အတွက် ဒယ်ဒီ စင်ကာပူ ခဏသွားရမယ်၊ သား ဘာမှာလိုက်ဦးမလဲ''



www.burmeseclassic.com

www.burmeseclassic.com



ညီဇော ...

"မှားတော့ဘူး ဒယ်ဒီရာ၊ သားမှာ ပြည့်စုံပါတယ်၊ ဒါနဲ့ ဒယ်ဒီက ဘယ်လောက်ကြာမှာလဲ"

"ဘာဖြစ်လို့လဲ သားရဲ့"

"သြော် ... လာမယ့်လကျရင် ဒယ်ဒီ့မွေးနေ့ ရှိတယ်လေ၊ ခါတိုင်းလို သားနဲ့ဒယ်ဒီ အိမ်မှာ မွေးနေ့ပွဲ မကျင်းပလိုက်ရမှာစိုးလို့ပါ"

ညီဇောစကားကြောင့် ဦးကျော်ဖမျက်နှာကြီး ဝင်းပသွားသည်။ ညီဇောကိုလည်း ကြည်ကြည်နူးနူးကြည့်လိုက်ပြီး ...

"အဟား ... ငါ့သားက ဒယ်ဒီ့မွေးနေ့ကိုတောင် အမှတ်ရနေပါလား ဒယ်ဒီတောင် အလုပ်ကိစ္စတွေ ရှုပ်ပြီး မေ့နေတာကွ၊ စိတ်ချပါ သားရယ် ... ဒီနှစ်လည်း သားနဲ့ဒယ်ဒီ နှစ်တိုင်းလိုပဲ မွေးနေ့ကျင်းပဖြစ်မှာပါ ဟိုမှာ ဒယ်ဒီကြာရင် အလွန်ဆုံး ဆယ်ရက်ပေါ့"

"ဒါနဲ့ ... သွားမှာက ဒယ်ဒီတစ်ယောက်တည်းလား၊ ဒါမှမဟုတ် ခါတိုင်းလိုပဲ ... ဟို ..."

မချိုမချဉ်မျက်နှာလေးနှင့် မေးလိုက်သော ညီဇောစကားမဆုံးခင်မှာ ဦးကျော်ဖမျက်နှာက အနည်းငယ် နီမြန်းသွားလျက် ...

"အာ ... သားကလည်း တစ်ယောက်တည်းပဲ သွားမှာပါကွ"

"သိဘူးလေ ... ဒယ်ဒီများ ဒယ်ဒီ့မွေးစားသမီးလေးကို ရှော့ပင်းထွက်ဖို့ဆိုပြီး ခေါ်သွားမလားလို့ မေးကြည့်တာ"

"ဟာကွာ ... ဒီကောင်လေးတော့ ... ကဲ ... ကဲ ... သူငယ်





ချင်းတွေနဲ့ ချိန်းထားရင်လည်း သွားတော့"

ရှက်ရယ်ရယ်ပြီး ဦးကျော်ဖနှင်တော့သည်။ ဦးကျော်ဖနှင့် ညီဇောသားအဖချင်းဖြစ်သော်ငြားလည်း ညီဇော ငယ်ငယ်ကတည်းက သူငယ်ချင်းလို နေထိုင်ခဲ့သည်မို့ သားအဖနှစ်ယောက်ကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိသလောက်ပင်။ စစ,နောက်နောက်နေလာခဲ့သည်ချည်း ဖြစ်၏။

သားတော်မောင် ညီဇော ထွက်သွားသည်ကို သဘောကျသလို ကြည့်နေပြီးမှ အလုပ်ကိစ္စ ခေါင်းထဲဝင်လာ၍ ဦးကျော်ဖ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ စားပွဲပေါ်တွင် အသင့်ရှိနေသော လက်တော့ (Laptop) ကွန်ပျူတာကိုဖွင့်ကာ အချက်အလက်တွေကို ထပ်ကာကြည့်လိုက်၏။

တကယ်တော့ မနက်ဖြန် စင်ကာပူသွားပြီး သဘောတူစာချုပ်ချုပ်ဆက်မှတ်ရေးထိုးရမည့်လုပ်ငန်းသည် လက်ရှိ သူရှယ်ယာအများဆုံးပိုင်ထားသော ကုမ္ပဏီကြီး အဆပေါင်းများစွာ တိုးတက်အောင်မြင်လာနိုင်သလိုတစ်ခုခု အတိမ်းအစောင်း၊ အမှားအယွင်းဖြစ်သွားပါက ကြီးမားသည့် နစ်နာဆုံးရှုံးမှုလည်း ရှိနေနိုင်သေးသည် မဟုတ်ပါလား။

သို့သော်လည်း ခုလိုအောင်မြင်သော စီးပွားရေးလုပ်ငန်းပိုင်ရှင်ဖြစ်လာဖို့အတွက် သူ့ဘဝမှာ မှန်ကန်တိကျသော ဆုံးဖြတ်ချက်တွေကိုပဲ ဦးကျော်ဖ ချမှတ်နိုင်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။

ခုလည်း သူလက်ကိုင်ထားသော ဆောင်ပုဒ်ကို ပြန်တွေးပြီး စိတ်သန္တာန်ထဲမှာလည်း ယုံကြည်မှုအသစ်တွေ ဖြစ်တည်ပစ်လိုက်၏။

ထိုဆောင်ပုဒ်ကတော့ ...



www.burmeseclassic.com

''မနက်ဖြန်အတွက် မစိုးရိမ်နဲ့''

ဆိုသော စကားလေးပင် ဖြစ်သည်။

လူ့ဘဝတိုတိုလေးမှာ မနက်ဖြန်တွေကို ကြုံတွေ့ပြီး သောကများ နေလျှင် မောနေမည် မဟုတ်ပါလား။

■



## အခန်း (၃)

ကားရပ်ကာ ဆိုင်ထဲသို့ ဝင်လာသော ညီဇော်ကိုကြည့်ရင်း တိုးကျော် မျက်မှောင်ကြုတ်လိုက်မိသည်။ ဘေးနားမှ ဇော်မိုးကိုလည်း မသိမသာ လက်ကုတ်၍ သတိပေးလိုက်၏။ သို့သော်လည်း တစ်ဖက်ဝိုင်းမှ ကောင်မ ငါးတွေကို ငမ်းကြောထနေသော ဇော်မိုးက ဂရုမစိုက်ချေ။

လက်ကုတ်၍ အားမရတော့သဖြင့် တိုးကျော်က စကားနှင့် လှမ်း ပြောလိုက်သည်။

''ဟေ့ကောင် ဇော်မိုး . . . မြင်ရဲ့လား''

အငမ်းပင်မပျက်သော ဇော်မိုးက မျက်နှာကို လှည့်မလာသေးဘဲ

''မြင်ပါတယ်ကွ . . . အားလုံး အလန်းတွေချည်းပဲကွာ၊ ဟိုကောင် ဦးလေးကို ပြချင်လိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အခြေအနေကို သဘောပေါက်သွားသော တိုးကျော်က ဇော်မိုးနားရွက်ကိုဆွဲကာ မျက်နှာကို လှည့်လိုက်ပြီး ...

"ဒီကောင်ကွာ ... ဒီဘက်လှည့်ဦးကွ၊ ဟိုမှာ မင်းအဖေ ညီဇ လာနေပြီ၊ အဲဒီကောင်ကိုလည်း ကြည့်လိုက်ဦး"

"အား ... နာတယ်ကွ၊ မင်းလက်ကို လွှတ်ဦး"

နားရွက်ကိုဆွဲထားသော တိုးကျော်၏လက်ကို ပုတ်ထုတ်ကာ ဇော်မိုးက ညီဇကို အူတူတူ လှမ်းကြည့်လိုက်သည်။

ပြီး မျက်နှာကိုမဲ့လျက် ...

"မင်းကွာ ... ဟိုမှာကြည့်နေတာ အရူသာပျက်တယ်၊ ညီဇလာတာ ဘာထူးဆန်းလို့လဲ၊ ဒီဆိုင်မှာ ချိန်းထားတာပဲဟာကို"

"အောင်မာ ... မင်းပဲ ခုနက တောင့်တနေတယ်လေ၊ ခု မင်းကို ကြည့်ခိုင်းတာက အဲဒီကောင်ရဲ့လက်ကို ပြောတာကွ"

ထိုအခါမှ ညီဇ၏လက်ကို စူးစိုက်ကြည့်ရင်း ဇော်မိုး မျက်ခုံးပင့်မိသွားသည်။ ထိုအချိန်မှာပဲ အနားသို့ရောက်လာသော ညီဇက ခုံတစ်ခုံဆွဲကာ ထိုင်ချလိုက်ပြီး ...

"ဟော့ကောင်တွေ ... မင်းတို့နှစ်ယောက်စလုံး ဘာဖြစ်လို့ ငါ့ကို ဒီလောက် ကြည့်နေတာလဲ၊ သြော် ... သိပြီ သိပြီ၊ ဒီနေ့မှ ငါက အရင်ထက် မနာလိုစရာကောင်းလောက်အောင် သန့်ခန့်နေလို့လား"

ပြောရင်းပင် ညီဇက အင်္ကျီကော်လံကို ဟန်ပါပါ ထောင်ပြလိုက်သေးသည်။ ပြောလိုက်သည့်စကားသံက အနည်းငယ် ကျယ်သွားသော





ကြောင့်လား မသိ ...။ ညီဇ မလာခင် ဇော်မိုး လှမ်းကြည့်နေသော ဝိုင်းဆီမှ ရယ်သံသဲ့သဲ့ထွက်လာကြသည်။

တစ်ဆက်တည်းပဲ ...

"အဟင်း ... ပြောရဲလိုက်တာနော်၊ မရှက်တတ်ဘူးထင်တယ်"

ထိုဝိုင်းမှ ထွက်လာသောစကားသံကြောင့် ညီဇ ဆတ်ခနဲ ကြည့်လိုက်သည်။ ပြောလိုက်ပုံရသော ကောင်မလေးကလည်း ချက်ချင်းဆိုသလို ဆတ်ခနဲ မျက်နှာလွှဲကာ သူ့သူငယ်ချင်းတွေနှင့် စကားပြန်ပြောနေသည်။

ညီဇ ပခုံးတွန့်လိုက်မိ၏။ ထိုစကားလောက်တော့ သူ လုံးဝမမှုပါ။ ဘာမှမခံစားရသလိုပင် တိုးကျော်တို့ဘက်ဆီသို့ မျက်နှာပြန်မူလိုက်ပြီး ...

"ကဲ ... ဆိုစမ်းပါဦး၊ ခုနက ငါ ဝင်လာတာကို မင်းတို့ ဘာဖြစ်လို့ စူးစိုက်ကြည့်နေတာလဲဆိုတာ"

စကားအဆုံးမှာ တိုးကျော်က မျက်နှာကို မဲ့ရွဲ့ရင်း ...

"အေး ... ပြောမယ်၊ မင်းပြောသလို မင်းပုံစံက မနာလိုစရာကောင်းလောက်အောင် သန့်ခန့်နေလို့တော့ မဟုတ်ဘူး၊ မင်း ခုပတ်လာတဲ့ နာရီအသစ်ကို ကြည့်နေတာ၊ ဘာလဲ ... မနေ့က ရတနာနဲ့ တကယ်ပြတ်သွားပြီပေါ့ ... ဟုတ်လား"

"အေးလေ ... အဲဒါ မင်းတို့ကို ဖုန်းဆက်တုန်းကပဲ ပြောပြီးသားပါ၊ ဘာ ခုမှ လာကြောင်နေတာလဲ"

ညီဇစကားကြောင့် ဇော်မိုးက ခေါင်းခါလိုက်ပြီး ...

"မဟုတ်သေးဘူးလေ၊ ငါတို့က မင်း ဒီလောက်တော့ မပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး ထင်နေတာလေ၊ ဆိုလိုချင်တာကကွာ မင်းတို့နှစ်ယောက် သမီးရည်းစားအချင်းချင်း စိတ်ကောက်တဲ့သဘောလားလို့''

ညီဇ နှာခေါင်းရှုံ့လိုက်သည်။ တစ်ဆက်တည်းပဲ . . .

''ဘယ်ကလာကွာ . . . ရည်းစားဖြစ်ကတည်းက အလကားနေ ရည်တမ်းတွေချည်း ထုတ်ပြန်နေတဲ့ သူ့ကို စိတ်ကုန်တာ ကြာနေပြီ၊ အားနာပြီးသာ ဆက်တွဲနေတာ၊ မနေ့ကတော့ သူ ငါ့ကို မေးခွန်းဆယ်ခု မေးတယ်ကွ၊ ငါလည်း အမှတ်ပြည့် ဖြေပေးလိုက်တယ်၊ အဲဒီတော့မှ ဇာတ်လမ်းက ပြတ်သွားတာ''

''ဘယ်လို ဘယ်လို . . . မေးခွန်းဆယ်ခု . . . ဟုတ်လား''

''ဟုတ်တယ်ကွ၊ အဲ . . . စိတ်ရင်းအမှန်နဲ့ ဖြေလိုက်တာတော့ မဟုတ်ပါဘူး၊ ကိစ္စပြတ်ရင် ပြီးရောဆိုပြီး ဖြေလိုက်တာ''

''ဩော် . . . အဲဒါကြောင့် ဇာတ်လမ်းက တကယ်ပြီးသွားတယ် ပေါ့၊ ပြောစမ်းပါဦးကွာ . . . အဲဒီမေးခွန်းဆယ်ခုဆိုတာက ဘာတွေများလဲ''

တိုးကျော်စကားအဆုံးမှာ ညီဇက . . . မလိုအပ်ဘဲ ချောင်းတစ်ချက် အရင်ဟန့်လိုက်ကာ ခုနက လှောင်ရယ်ကြသော ကောင်မလေးတွေ ဝိုင်းရှိရာသို့ တစ်ချက်ဖွေကြည့်ရင်း သူတို့လှမ်းကြားနိုင်လောက်အောင် အသံမြှင့်၍ . . .

''မိန်းမတွေဆိုတာကတော့ မင်းတို့သိတဲ့အတိုင်းပဲလေ . . . သူတို့နဲ့ ရည်းစားဖြစ်ပြီဆိုကတည်းက ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့၊ ဟိုကိုမသွားနဲ့ ဟိုလူနဲ့မပေါင်းနဲ့ဆိုပြီး ပြဋ္ဌာန်းချက်တွေက စလာပြီ ပြီးရင် အလိုက်ကန်း





ဆိုးသလို မနက်အစောကြီးတွေ လာကြိုနိုင်းလိုနိုင်း၊ အဲဒီမှာ အိပ်ရေး ပျက်ရော၊ ဒါတင်ကသေးလား . . . တစ်နေ့လုံး တွေ့ခဲ့တာကိုတောင် ညဘက် မှာ ဖုန်းက ပြောချင်သေးတယ်၊ ယောကျ်ားလေးဆိုတာက တချို့အချိန် အစိတ်အပိုင်းတွေမှာ လွတ်လွတ်လပ်လပ် နေချင်ကြတာကွ''

ညီဇ စကားကို ဖြတ်ထားလိုက်သေးသည်။ ပြီးမှ . . .

''အဲဒီလို စကားလုံးတွေနဲ့ အပြုအမူတွေနဲ့ ချုပ်နှောင်လာပြီဆို ရင် ငါကတော့ ယောကျ်ားတွေကို နွားလို့ထင်ပြီး နဖားကြိုးထိုးနေပြီလို့ မှတ်သတယ်ကွာ၊ အဲဒါ ငါ့ခံယူချက်ပဲ''

နှစ်ကောင်စလုံး မျက်လုံးလေး ကလယ်ကလယ်လုပ်ကာ နား ထောင်နေပြီးမှ ဇော်မိုးက သတိရသွားဟန်ဖြင့် . . .

''ဟုတ်ပါပြီ . . . မင်းကိုမေးတဲ့ မေးခွန်းဆယ်ခုကိုပဲ အရင်ပြောပြ ဦး''

စကားအဆုံးမှာ ညီဇ ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီး . . . ကျောင်းဘီအိတ်ကပ်ထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်၍လှမ်းပေးလိုက် ရင်း . . .

''ရော့ကွာ . . . အဲဒါကိုသာ ကြည့်တော့၊ သူ့ကို ငါက လက်ထပ်ဖို့ ရည်ရွယ်ထားရင် ဒီမေးခွန်းတွေကို အရင်ဖြေကြည့်ပါတဲ့၊ အဲဒီကရတဲ့အဖြေ ကို ကြည့်ပြီးမှ စဉ်းစားမယ်ဆိုပဲ''

စာရွက်ခေါက်လေးကို ဖိုးဖိုးဆတ်ဆတ်ယူရင်း တိုးကျော် မှင်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အံ့ဩသံထွက်သွားသောကြောင့် ဇော်မိုးလည်း ခေါင်းတိုး၍ ဝင်အကြည့် . . .

"တာ . . . ဘာတွေလဲဟ"

အမှန်တော့ ဘာမှမလဲပါ။ ညီဇော်ကို ရတနာဆိုသော ကောင်မလေးမေးခိုင်းသောမေးခွန်းတွေက ရိုးရိုးလေးသာ ဖြစ်၏။

ထိုမေးခွန်းတွေကတော့ . . .

●












www.burmeseclassic.com

www.burmeseclassic.com








ခုနစ်စဉ်ကြယ်တာပေ








ခုနစ်စဉ်ကြယ်ဘာပေ

www.burmeseclassic.com














ခုနစ်ဝဉ်ကြယ်တာပေ

ခုနစ်ဝဉ်ကြယ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်စလုံး ရုပ်ပုံလေးတွေကို စူးစိုက်ကြည့်နေပြီးမှ တိုးကျော်က အရင်မေးလာသည်။

"ဟေ့ကောင် ညီဇ . . . မေးခွန်းဆိုပြီးတော့ မင်းဟာက ပုံတွေပါလားဟ၊ အဓိပ္ပာယ်က ဘာတဲ့လဲ"

"ထင်သားပဲ၊ မင်းတို့ရဲ့ဦးနှောက်ပိန်ပိန်လေးနဲ့တော့ စဉ်းစားထတ်မှာ မဟုတ်ဘူးဆိုတာကို"

ထိုသို့မညှာမတာ နှိပ်ကွပ်လိုက်ပြီးမှ ညီဇက ပုံ (၁) အား လက်ညှိုးနှင့် ထောက်ကာ . . .

"ဒီလိုကွာ ပုံ (၁) ရဲ့ ဆိုလိုချင်တာက အိမ်ထောင်ကျပြီးလို့ အိမ်မှာ မိန်းမက မီးဖိုချောင်အလုပ်လုပ်နေရင် ယောကျာ်းက ဝင်မကူဘဲ





အိပ်နေမှာလားတဲ့"

ဇော်မိုးက ခေါင်းတစ်ချက်ညိတ်ရင်း . . .

"နားလည်ပြီ . . . ပုံ (၂) ကရော"

"ရှင်းပါတယ်၊ အိမ်ထဲမှာ ဆေးလိပ်ပြာတွေ အမှိုက်တွေကို စည်းကမ်းမရှိ ပစ်ချတတ်လားလို့ မေးတာ"

"ဒါဆို . . . ပုံ (၃) က"

"ထမင်းစားရင် ရှေ့လူနောက်လူမကြည့်ဘဲ တစ်ယောက်တည်း အအပြဲ မညှာမတာ စားတတ်လားလို့ ဆိုလိုချင်တာ"

"ဩော် . . . ဒါဆို ပုံ (၄) က အဝတ်အစားတွေကို စည်းကမ်းမဲ့ [illegible]နေရာချတ် ဒီနေရာထားပြီး ပရမ်းပတာ နေတတ်လားလို့ မေးတာမဟုတ်လား"

တိုးကျော်စကားကြောင့် ညီဇက ခေါင်းညိတ်၍ . . .

"ဟုတ်တယ် တိုးကျော် . . . မင်းမဆိုးဘူး၊ ကဲ . . . ပုံ (၅) ကို [illegible]ကြည့်ပါဦး"

ပုံ (၅) ကို ခပ်တွေတွေ စိုက်ကြည့်နေပြီးမှ တိုးကျော်က ခေါင်းခါ [illegible] . . .

"မသိတော့ဘူးကွာ . . . ဦးနှောက်စားတယ်၊ အကုန် မင်းပဲ ရှင်းပြ [illegible]"

"ပြီးရော . . . ပုံ (၅) က အပြင်က ပြန်လာရင် မိန်းမရေ့ အချစ် [illegible] ကြည်နူးစွာ နှုတ်ဆက်တတ်လားလို့ မေးတာ၊ ပုံ (၆) တချို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှကိုပါ အဲ ... အမိုက်လှည်း ဖုန်သုတ်ပေါ့ကွာ၊ အဲဒါကို မိန်းမက နိုင်းမှ လုပ်တတ်လားပေါ့၊ ပုံ (၇) ကတော့ မိန်းမဖြစ်တဲ့လူက သူ စိတ်ဝင်စားတဲ့ အကြောင်းအရာကိုပြောနေရင် ယောကျာ်းလုပ်တဲ့သူက ဂရုမစိုက်ဘဲ တခြား တစ်ခုမှာ အာရုံရောက်နေမှာလား၊ ပုံ (၈) ကတော့ အားတဲ့အချိန်တွေမှာ မိန်းမကို အချိန်မပေးဘဲ အပေါင်းအသင်းတွေနဲ့ ပျော်ပါးပြီးနေနေမှာလား။ ပုံ (၉) ကတော့ ရေချိုးခန်းအိမ်သာတွေကို စည်းကမ်းမဲ့ သုံးတတ်သလား။ တဲ ... ပုံ (၁၀) ကတော့ မိန်းမဘက်က မိဘဆွေမျိုးတွေ အိမ်လာရင် တွေ့ဆုံရဖို့ သိပ်ဝန်လေးနေမှာလားတဲ့ ... ရှင်းပြီလား''

စကားအဆုံးမှာ နှစ်ကောင်စလုံး ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြပြီးမှ ...

''ဒါနဲ့ ... ဒီမေးခွန်းတွေကို မင်းဖြေလိုက်တဲ့အဖြေက ...''

ဇော်မိုးအမေးကြောင့် ညီဇက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ လက်အသာကာပြလိုက်ရင်း ...

''ခဏလေး ... အဲဒီပုံတွေနဲ့အတူ မေးခွန်းက ပါသေးတယ်၊ ပုံ တစ်ပုံတိုင်းကို အမှတ်ပေးစနစ်နဲ့ လာတာကွ''

''ဟာကွာ ... ရှုပ်လာပြီ''

''မရှုပ်ပါဘူးကွာ၊ ပုံတစ်ပုံစီကိုကြည့်ပြီး အဲဒီပုံထဲကအတိုင်း ငါက တော့ ဟုတ်လိုက်လေဆိုရင် ... သုံးမှတ်အပြည့်ပေးလိုက်တဲ့၊ တစ်ခါတလေ တော့ ဖြစ်တတ်တယ်ဆိုရင် ... နှစ်မှတ်ပေး၊ ပုံထဲကအတိုင်း လုံးဝမဟုတ် ဘူးဆိုရင် ... တစ်မှတ်ပဲပေးပါတဲ့၊ အဲဒီလို အမှတ်ပေးပြီးရင် အမှတ်တွေ





ကို ပေါင်းပြီး ဟောဒီစာရွက်ထဲက အဖြေနဲ့ တိုက်ကြည့်လိုက်''

ပြောရင်းပင် ညီဇ စာရွက်တစ်ရွက် ထပ်ပေးလိုက်သည်။ ယူကြည့် ပြီး နှစ်ကောင်သား မျက်ခုံး ပြိုင်တူပင့်လိုက်ကြ၏။

■

ရုပ်ပုံတစ်ပုံစီကိုကြည့်၍

ထိုပုံထဲကအတိုင်း 'ငါကတော့ ဟုတ်လိုက်လေ' ဆိုလျှင် ၃ မှတ်ပေး

တစ်ခါတလေမှ ဖြစ်တတ်တယ်ဆိုလျှင် ၂ မှတ်ပေးပါ။

ပုံထဲကအတိုင်း လုံးဝမဟုတ်ဘူးဆိုလျှင် ၁ မှတ်ပေးပါ။

ပြီး ပုံ(၁၀)ပုံမှရလာသော ရမှတ်တွေကို ပေါင်း၍ အောက်ပါအတိုင်း ...နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁။ ၁၀ မှတ်မှ ၁၂ မှတ် ။ ။ စံပြခင်ပွန်း

၂။ ၁၃ မှတ်မှ ၁၆ မှတ် ။ ။ အလိုက်သိတတ်ပြီး အမြော်အမြင်ရှိသော ယောကျ်ားကောင်း

၃။ ၁၇ မှတ်မှ ၂၀ မှတ် ။ ။ တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်ဖြစ်စရာရှိပေမယ့် အိမ်ထောင်ရေးသာယာနိုင်

၄။ ၂၁ မှတ်မှ ၂၄ မှတ် ။ ။ မိသားစုသဘောထားကွဲလွဲရခြင်းနှင့် အိမ်တွင်းရေးပြဿနာတွေရဲ့ အစိတရားခံ ယောကျ်ား

၅။ ၂၅ မှတ်မှ ၃၀ မှတ် ။ ။ သည်းခံပြီး ပေါင်းသင်းမနေအပ်သော ယောကျ်ား

(ထိုမေးခွန်းများအတိုင်း လက်တွေ့စမ်းသပ်ကြည့်ပါက အိမ်ထောင်ရှင်မများအတွက် အကျိုးရှိကောင်း ရှိနိုင်ပါလိမ့်မည်။ ။ စာရေးသူ)

မှတ်ချက် ။ ။ အရိုးကွဲအောင်ရိုက်သော်လည်း အသည်းစွဲအောင် ချစ်နေနိုင်သောသည့် အာဂမိန်းမများမပါ။





''ဒါ ... ဒါဆို မင်း အမှတ်ပြည့်ဖြေပေးလိုက်တယ်ဆိုတာက''

တိုးကျော်စကားကြောင့် ညီဇာက အားရပါးရ ပြုံးလိုက်ပြီး ...

''မင်းတို့ထင်တဲ့အတိုင်းပါပဲလေ၊ ငါက ပုံတစ်ပုံကို သုံးမှတ်အပြည့်ပေးလိုက်တော့ ဂုဏ်ထူးပါ ထွက်ပြီး တစ်ခါတည်း ချာပြသွားတော့တာပေါ့ကွ ... ဟဲ ဟဲ''

စကားအဆုံးမှာပဲ ဇော်မိုးက ...

''မင်းဟာနဲ့မင်းတော့ ဟုတ်နေတာပဲ ညီဇာရာ၊ အေးလေ ... ရေကော်နေတုန်းမှာ မင်းကို ရတနာက ရေခဲချောင်းကျွေးလိုက်တာကိုအစွဲပြုပြီး ခု ... မင်း ပတ်လာတဲ့ နာရီနဲ့ ဆက်နွယ်လာမယ့်ဇာတ်လမ်းအဆက်ကိုတော့ ငါတို့ ကြားရဦးမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... မကြာမီ လာမည်ပေါ့ကွာ"

ဆိုမှုလောက်သာ ညီဇ ခပ်ပေါ့ပေါ့ ပြောလိုက်ပါသည်။ သို့သော်

"ဒီမှာ ... ရှင်တို့ မိန်းမတွေအကြောင်း မကောင်းပြောပြီး နှိုင်းယှဉ်ကြည့်နေတဲ့ အဲဒီပုံတွေကို ခဏပြစမ်းပါ"

အသံကြောင့် ညီဇ ဆတ်ခနဲ မော့ကြည့်မိသည်။ မကြာမီလာမည်ဟုပင် အထက်က ဆိုခဲ့သေးသည်။ ခုတော့ မကြာမီပင် မဟုတ်တော့၊ ကိုယ်ရှေ့တည့်တည့်တွင် ခုနက လှောင်ပြီးပြောလိုက်သော တစ်ဖက်ဝိုင်းမှ ကောင်မလေးက အရှင်လတ်လတ် ရောက်ရှိနေလေပြီ။

ညီဇက နှုတ်ခမ်းလေး တွန့်ကွေးရုံမျှ တစ်ချက်ပြုံးလိုက်ရင်း ရှေ့မှ စာရွက်ကိုယူ၍ ဘောပင်ထုတ်ကာ စာလုံးတချို့ ရေးလိုက်သေးသည်။

ပြီးမှ လှမ်းပေးလိုက်ကာ ...

"စိတ်ဝင်စားလို့ ဖတ်ကြည့်မယ်ဆိုလည်း ယူသွားလေ ... ရော့"

ကောင်မလေးက ဆတ်ခနဲ လှမ်းယူလိုက်သည်။ ပြီး ... ညီဇကို ခပ်စူးစူးကြည့်ပြီး လှည့်ထွက်ရန် ပြင်လိုက်စဉ်မှာပဲ ...

"ဟော့ ... ဒီမှာ ... ခဏ"

ခေါ်သံကြောင့် ကောင်မလေးက ဖျတ်ခနဲ လှည့်ကြည့်လာသည်။ ညီဇက ကောင်မလေးနှင့် မျက်လုံးချင်းဆုံအောင် သေသေချာချာ စိုက်ကြည့်လိုက်ပြီးမှ ...

"တကယ်လို့ မင်းကသာ ကိုယ့်ကို အဲဒီမေးခွန်းတွေ မေးလာမယ်ဆိုရင်တော့ ဆယ့်သုံးမှတ်နဲ့ ဆယ့်ခြောက်မှတ်ထဲ ဝင်အောင် ဖြေမိမှာပဲ"





"သေလိုက်ပါလား"

ဘုတောပြီး ကောင်မလေး လှည့်ထွက်သွားသော်လည်း ညီဇကာ သဘော အပြုံးပင်မပျက်ချေ။

ရှေ့မှ နှစ်ကောင်ကိုပင် မျက်ခုံးပင့်ပြလိုက်ပြီး ...

"မင်းတို့ မျှော်လင့်နေတဲ့ ဒီနာရီအသစ်ရဲ့ဇာတ်လမ်းက အဲဒီကောင်မလေးဖြစ်ဖို့ ခုနစ်ဆယ်ရာခိုင်နှုန်းလောက် သေချာသွားပြီကွ"

မခိုးမခန့် ပြောလိုက်သော ညီဇကိုကြည့်ကာ တိုးကျော်က မျက်နှာရှုံ့ရင်း ...

"အပြောမကြီးစမ်းပါနဲ့ ညီဇရာ၊ ဒီကောင်မလေးနဲ့က ခုမှ ဆုံဖူးတာလေ၊ မင်းဘက်က နာမည်လေးတောင် သိလို့လား"

ညီဇက ခေါင်းအသာခါလိုက်ရင်း ...

"မလိုပါဘူးကွာ၊ ခုနက အဲဒီစာရွက်မှာ ငါ ဘာရေးပေးလိုက်လဲဆိုတာရော သိရဲ့လား"

"ဘယ်သိမလဲကွ ... ဘာရေးပေးလိုက်တာလဲ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ ငါ့နာမည်နဲ့ ဖုန်းနံပါတ်လေးပဲ ရေးပေးလိုက်တာပါ၊ အဲဒီလောက်ဆို သဘောပေါက်ပါတယ်နော်"

"ဟော"

နှစ်ကောင်စလုံး ပါးစပ်ပြဲသွားကြ၏။ အတန်ကြာမှ တိုးကျော်က ရှုံ့မဲ့ဟန်ဖြင့် ...

"ညီဇ ... မင်းဟာလေ တော်တော်တတ်နိုင်တဲ့ကောင်ပဲ သိလား



www.burmeseclassic.com

www.burmeseclassic.com

မင်းကို ဒီ အကြံတစ်ခုပေးမယ်၊ မင်း လုပ်ငန်းလိုင်စင်လျှောက်ပြီး မွေးမြူရေးလုပ်ငန်းတစ်ခုလောက် လုပ်ပါလား ညီဇ''

''တင် ... ဘာအလုပ်များလဲ''

အူတူတူ ပြန်မေးလိုက်သော ညီဇ စကားအဆုံးမှာ တိုးကျော်က မှောင်တင်း ကြည့်လိုက်ပြီး ...

''ဘာအလုပ်ဖြစ်ရမှာလဲကွ ... ခုလောလောဆယ် မင်းနဲ့ အသင့်တော်ဆုံးလုပ်ငန်းက ရည်းစားမွေးမြူရေးလုပ်ငန်းပဲ''

ထိုသို့ ... ရွဲ့ပြောလာသော စကားကိုပင် ညီဇ ပြန်ချေပလိုက်သည်က ...

''အေး ... ကောင်းသားပဲကွ၊ ရည်းစားမွေးမြူရေးလုပ်ငန်း ဒီထက်ကြီးကျယ် အောင်မြင်လာရင် ရည်းစားဖောင်ဒေးရှင်းပါ ထူထောင်လို့ ရတာပေါ့ ... ဟဲ ဟဲ''

■



## အခန်း (၄)

နားရှိ၍သာ ကြားနေရသည်။ စိတ်ထဲမှာတော့ သိပ်ယုံချင်သည် မဟုတ်။ လွန်ခဲ့သောငါးရက်လောက်က ညီဇဆိုသောကောင်သည် ကောင်မလေးတစ်ယောက်နှင့် ဆိုင်တစ်ဆိုင်မှာ ခဏဆုံခဲ့သည့်အဖြစ်အပျက်သာ ရှိသည်။ ပြီး ... ထိုကောင်မလေးနှင့်ပတ်သက်သော ဘာအကြောင်းတစ်စုံတစ်ရာကိုမှလည်း သိခဲ့တာမရှိ။

သို့သော် ...

ယခု ညီဇက ဖုန်းဆက်ပြောလာသည်။ ထိုကောင်မလေး၏နာမည်မှာ အေးမိဖြစ်ပြီး ဒီနေ့မှာပဲ သူနှင့် သမီးရည်းစားဖြစ်သွားကြပြီတဲ့လေ။

တစ်ဆက်တည်းပင် ဒင်းက အပေါ်စီးက ပြောလာသေးသည်။

''အဲဒါကွာ ... ဒီနေ့ မင်းတို့ကို ငါ့ရဲ့နယူးဂဲလ်ဖရင်းနဲ့ မိတ်ဆက်



www.burmeseclassic.com

ပေးမလို့ ဖုန်းဆက်လိုက်တာ၊ ထိုင်နေကျဆိုင်မှာပဲ နေ့လယ်ဆုံမယ်လေ''

''ဟော့ကောင် ညီဇ . . . ခဏ ခဏ . . . ဟိုလေ''

တိုးကျော်က တစ်စုံတစ်ခု ပြန်ပြောရန် ကြံစည်လိုက်သေးသည်။ သို့သော် ထိုအခွင့်အရေးကို ညီဇက မပေးချေ။

ဒင်း ရေပက်မဝင်ထပ်ပြောလာသည်က . . .

''ဒါနဲ့ အရေးကြီးတာတစ်ခုတော့ မှာထားဦးမယ်၊ မင်းတို့ကောင်တွေ အေမိနဲ့ ဆုံတဲ့အခါကျရင် ငါ့ရဲ့နာရီဆိုက်ကိုအကြောင်းကိုတော့ လုံးဝ မဟာမိစေနဲ့နော်၊ အဲဒါ ဟဲဗီးရှော့ခ်ကြောင့် ကြိုမှာထားတာ''

''ဟုတ်ပြီလေ၊ ဒါဆိုလည်း ဒီနေ့တစ်ရက်လုံးအတွက် ကုန်ကျစရိတ်ကို မင်းပဲ တာဝန်ယူလိုက်ပေါ့''

ညီဇဘက်မှ ခေတ္တမျှ အသံတိတ်သွားသေးသည်။ ပြီးမှ အောက်သိုးသိုးလေသံဖြင့် . . .

''ရတယ်လေ . . . မင်းတို့ကောင်တွေက ကိုယ်ကိုယ်တိုင်ကျ အဖြစ်မရှိဘဲနဲ့ သူများရဲ့အပ်ကွက်ကိုမှ စောင့်ပြီး စားချင်သောက်ချင်နေတဲ့ကောင်တွေဆိုတော့ ကျွေးရမှာပေါ့ကွာ၊ မဟုတ်ရင်လည်း အဲဒီအထိမ်းအမှတ်အနေနဲ့ ရပ်ကွက်ထဲက ခွေးလေခွေးလွင့်တွေကို ငါက စေတနာကျွေးမလို့ စဉ်းစားထားတာကွ၊ ခုတော့ မင်းတို့နှစ်ယောက်ကိုပဲ . . .''

''မိုက်ရိုင်းလိုက်တာကွာ၊ ဟော့ကောင် . . . တော် တော် . . . ဆက်မပြောနဲ့တော့၊ နေ့လယ်ကျရင်သာ ဇော်မိုးနဲ့ငါ ဆိုင်ကစောင့်နေမယ်''

တဟားဟားရယ်ပြီး ညီဇ ဖုန်းချသွားသည်။ တိုးကျော် မျက်





ခွာင်ကြုတ်ပြီး တွေးနေမိ၏။ ဒီရက်ပိုင်းလေးအတွင်းမှာ ညီဇ ကောင်မလေးတစ်ယောက်နှင့် ရည်းစားဖြစ်အောင် ဘယ်လိုလုံးလိုက်တာလဲ။ အင်း ဆဲ . . . ဒီလဒက အလုပ်အကိုင်မရှိပေမယ့် ရုပ်ရှိ ရေလျှံ တော်ကီကြွယ်သော အကောင်ပဲလေဟူ၍ မနာလိုစိတ် အနည်းငယ်နှင့် ဖြေသိမ့်လိုက်ရသည်။

မည်သို့ပင်ဖြစ်စေ . . .

သူ့ဘာသာ ဘယ်လိုနည်းနှင့်ပဲ ကောင်မလေး၏အချစ်ကို ရခဲ့ရခဲ့ ကိုယ်တွေကတော့ ခါတိုင်း ဒီကောင် ရည်းစားရစဉ်တုန်းကလိုပဲ မဟားတရား စားပေးရလေဦးမည်။ ထိုစိတ်ကူးနှင့် ဇော်မိုးဆီ ဖုန်းဆက်ကာ ချိန်းလိုက်၏။ ဗိုက်ပြည့်စေသောအစာ ဘာမှမစားထားရန်ပင် တစ်ဆက်တည်းမှာ လိုက်သေးသည်။

သို့နှင့် . . .

ချိန်းထားသောအချိန်အတိုင်း အတိအကျ သူတို့နှစ်ယောက် စောင့်နေခဲ့သည်။ ညီဇ မပေါ်လာသေးသဖြင့် အားရပါးရ မျိုဆို့ရန် ရည်ရွယ်ထားသော အစားအသောက်များကိုတော့ မမှာရဲသေး။

စောင့်ရကျိုးနပ်သည်ဟု ဆိုရမည်။ ညီဇသည် ချိန်းထားသောအချိန်ကို ဆယ့်ခုနစ်မိနစ်တိတိ နောက်ကျပြီးမှ ရောက်လာ၍ဖြစ်သည်။ တစ်ယောက်တည်းတော့မဟုတ်။ သူပြောခဲ့သလိုပင် အေမိဆိုသော ရည်းစားအသစ်ကလေးနှင့် ဂျလန်းလာခြင်းဖြစ်သည်။

ရောက်ရောက်ချင်း ဒင်းကပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟ … ဘာမှမမှာထားဘူးလားကွ၊ ငါကတော့ မင်းတို့ မှာစရာ ရှိတာ မှာလို့ရအောင် တမင်နောက်ကျပြီးမှလာတာ"

တောက်! … ဒီလဒကတော့ကွာဟု တိုးကျော်စိတ်ထဲက ခပ်ချဉ်ချဉ် တွေးလိုက်မိသည်။ ဇော်မိုးကလည်း ထိုအတွေးမျိုး တွေးနေသော အကြည့်မျိုးနှင့် လှမ်းကြည့်လာ၏။ ပြီး … အချဉ်တူးသွားသောစိတ်ဖြင့် နှစ်ယောက်သား တက်ညီလက်ညီပင် စားသောက်စရာများကို နွားသိုးကြိုး ဖြတ် မှာလိုက်ကြတော့သည်။

ညီဇာသည် ထိုမြင်ကွင်းကို အောက်သီးအောက်သက်ပုံစံဖြင့် ပါးစပ် စိတ်ကာ ကြည့်နေပြီးမှ ဟန်လုပ်ကာ မျက်နှာကိုပြုံးလျက် …

"ဪ … ဒါနဲ့ မင်းတို့ကို မိတ်ဆက်ပေးရဦးမယ်၊ သူကတော့ ငါ့ရဲ့ …"

"ဘယ်နှယောက်မြောက်သော ရည်းစားဆိုပြီး"

တိုးကျော်က နှိပ်ကွပ်ချင်၍ ရုတ်တရက် ဖြတ်ပြောလိုက်သော်လည်း ညီဇာက အပြုံးပင်မပျက်ဘဲ …

"အဟဲ … အရေအတွက်ပေါ်မူတည်ပြီး ပြောနေတာ မဟုတ်ဘူး ကွ၊ အရည်အသွေးနဲ့ယှဉ်ပြီး တော်ထားတဲ့ချစ်သူလို့ ပြောမှာ"

တိုးကျော် နင်သွားရသည်။ အေမီဆိုသော ကောင်မလေးများ မျက်နှာပျက်သွားမလားဟု မျှော်လင့်တကြီး ကြည့်လိုက်မိသော်လည်း မစ္စတာ လဒ၏ ဂဲလ်ဖရန်း မစ္စစ်လဒမလေးက ခပ်အေးအေးပုံစံဖြင့်သာ …

"ဟုတ်တယ်ရှင့် … အေမီလည်း ညီ့လိုပါပဲ၊ ရည်းစားတွေထားခဲ့





ဖူးပါတယ်၊ ဒါပေမဲ့ သိတယ်မဟုတ်လား … အားလုံးပဲ အပျော်ဖတ်တွေ ချည်းပဲလေ၊ ညီနဲ့ကျတော့ တွေ့ရတာ အချိန်ဘယ်လောက်မှ မရှိသေးပေမယ့် ညီ့စိတ်ရင်းအမှန်ကို သိလိုက်ရတော့ … အဟင်း"

အရေးထဲ ငတိမက မူသလို ကြူသလို လုပ်နေသေးသည်။ ရပါသည်။ ဆက်မပြောလည်း ဖြစ်ပါသည်။ ဒီလောက်ဆိုလျှင်ပဲ အေမီဆို သော ကောင်မလေးသည် ညီဇာ၏လုပ်ကြံမှုစကားပင်လယ်ထဲ ပက်လက်က လေး မျောသွားခဲ့တာ သေချာလောက်ပြီ။

ထို့ကြောင့် သူ့ထိုက်နှင့်သူ့ကံ ဝဋ်ရှိသမျှခံပေါ့ ဟူသည့် အတွေး ဖြင့် ဆက်ကျပ်ရန် စိတ်ကူးကို ဘရိတ်အုပ်လိုက်ပြီး …

"အင်းလေ … နှစ်ယောက်စလုံးဆိုက ဒီလိုကြားရတာ ဝမ်းသာ ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ မင်္ဂလာမရှိတာမှ မဟုတ်ဘဲ၊ ဪ … ဒါနဲ့ ညီဇ … မနက်က မင်းနဲ့ ဖုန်းပြောပြီးတော့ ငါ့ဆီ ရတနာ ဖုန်း ဆက်သေးတယ်ကွ"

ထိုစကားကို ကြားလိုက်ရသော်လည်း ညီဇာကတော့ ဝက်ခြံတစ်မှု မျက်နှာပေါ် ပေါက်သလောက်ပင် စိတ်အနှောင့်အယှက်ဖြစ်ဟန်မရှိဘဲ …

"ဟုတ်လား … ဘာပြောသွားသေးလဲကွ၊ ဪ … ငါက သူ့ စိတ်တိုင်းကျ မနေနိုင်ပေမယ့် သူ့ဘက်က မပြတ်လို့ ငါ့စိတ်တိုင်းကျ သူနေ မယ်ဆိုပြီး သံယောဇဉ်မပြတ်တဲ့စကားကို ပြောခိုင်းတာလား။ ထားလိုက်ပါ ကွာ … အဲဒီစီဒီက ငါ့စက်မှာ မဖတ်တော့ဘူးကွ"

ဆောင့်ကြွားကြွားပြောလာသော ညီဇာပုံစံကိုကြည့်ကာ တိုးကျော်



www.burmeseclassic.com

www.burmeseclassic.com



ခါအချဉ်တူးနေသည့်စိတ်သည် အချဉ်ပေါက်သွားရတော့၏။

ထို့ကြောင့် ရတနာပြောသွားသော စကားကို ပိုပိုသာသာ အရောင်တင်ပြီး ပြန်ပြောလိုက်၏။

"ဘယ်ကလာ ညီဇရာ ... ရတနာမှာသွားတာက မင်းနဲ့သူ ရည်းစားဘဝတုန်းက နှစ်ယောက်အတူတူ သုံးတာမျိုးမဟုတ်ဘဲ သူ့ဆီက မင်းပိုက်ဆံတစ်ပုံကြွဲ သတ်သတ်ချေးထားတယ်ဆို၊ အဲဒီပိုက်ဆံကို ပုဂ္ဂလိကဘဏ်တစ်ခုကနေ တစ်ပတ်အတွင်း ပြန်လွှဲပေးပါတဲ့၊ မင်းလက်နဲ့ကိုယ်တိုင်လာပေးရင် ယူရမှာ သနလို့ဆိုပြီး ပြောသွားတာပဲ"

"ဟေ"

ညီဇ ရင်ခံသွားရသည်။ သို့သော် ရုတ်တရက် ပြန်ပြောရန် စကားက ရှာမရ။ တကယ်ပင် ကိုယ်က ထိုပိုက်ဆံအား ယူထားမိသည်ကိုး။ ပြေလည်စဉ်ကတော့ ချစ်သူဆီက ယူသုံးသည်ပေါ့လေ။ ခုလို ခွာပြဲကြတော့ ကိုယ်ကပဲ ရည်းစားဆီက ပိုက်ဆံချူစားသူလိုလို ဖြစ်ရပြီ။

သို့သော်လည်း လောလောဆယ်တော့ ရည်းစားအသစ်ရှေ့မှာမို့ ဟန်လုပ်ကာ ဟက်ခနဲ ရယ်လိုက်ပြီး ...

"ဘာများလဲလို့ကွာ ... အရင်တုန်းကတော့ သုံးစရာရှိရင် ယူထားဆိုပြီး သူကပဲ အတင်းပေးတာ၊ အေးလေ ... ဘာပဲဖြစ်ဖြစ် အတိုးပါပေးတယ်လို့ သတ်မှတ်ပြီး သုံးပုံ ပြန်လွှဲပေးလိုက်ပါ့မယ်၊ ကဲ ... မှာထားတာတွေလည်း ရောက်ကုန်ပြီ ... စားကြမယ်"

အားလုံး စားသောက်ပြီးတော့ ညီဇကပဲ ကျသင့်ငွေကို ရှင်းလိုက်





ပါသည်။ ပြီး ... တိုးကျော်နှင့်ဇော်မိုးအား ခပ်မှေးမှေးကြည့်လျက် ...

"ကဲ ... နေ့လယ်တော့ ဒီလောက်နဲ့ပဲ ဘရိတ်အုပ်လိုက်ရအောင်၊ ငါ အေမိနဲ့ လျှောက်လည်လိုက်ဦးမယ်ကွာ၊ ညနေကျမှပဲ ဖုန်းဆက်လိုက်မယ် ဆိုင်တစ်ဆိုင်မှာ ဆုံကြတာပေါ့"

ပြောပြီး နှစ်ယောက်သား ထွက်သွားကြသည်။ ထိုအဖိုနှင့်အမ တစ်စုံအား တင်ဆောင်ကာ မောင်းထွက်သွားသော ကားလေးကိုကြည့်ရင်း တိုးကျော်က ...

"အင်း ... ဘာပဲပြောပြော ဒီကောင့်ဘဝက ကုသိုလ်ကံကို ကောင်းတာကွ၊ အမေမရှိတာကလွဲရင် အားလုံးပြည့်စုံတယ်၊ အဖေကလည်း ဒီကောင့်မျက်နှာကို မညှိုးစေရဘူး။ ဒီကောင် လက်ညှိုးညွှန်တိုင်း အားလုံး ဖြစ်နေတာပဲလေ"

စကားအဆုံးမှာ ဇော်မိုးက သက်ပြင်းတစ်ချက်ကို ဖွဖွချရင်း စဉ်းစားစားဟန်ဖြင့် ...

"တကယ်တော့ ... အဲဒါတွေဟာ တကယ်ပြည့်စုံတာ မဟုတ်ပါဘူးကွာ၊ ခုချိန်မှာတော့ ဒီကောင့်ဘဝက လိုတရပေါ့၊ ဒါပေမဲ့ ... ခုလို ဘဝက ရုတ်တရက် တစ်ဆစ်ချိုးသွားရင် ဒီကောင် ခံနိုင်ရည် ရှိပါ့မလား မသိဘူး"

ဇော်မိုးစကားကြောင့် တိုးကျော်က ပခုံးလှမ်းပုတ်ရင်း ...

"အဝေးကြီး တွေးမနေပါနဲ့ ဇော်မိုးရာ၊ မင်းကောင်က ခုလောက် ဆို အပျော်တွေလူးပြီး ငါတို့ကိုတောင် သတိရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဇော်မိုးကတော့ ညီဖအကြောင်း စဉ်းစားနေဆဲပင် ဖြစ်သည်။

ပြီး ဘာရယ်မဟုတ် ဆိုင်ထဲမှနေ၍ အပြင်ဘက်ကို လှမ်းကြည့်မိ ဓါး ရာသီဥတုသည်ပင် ဖောက်ပြန်တတ်သော စာရင်းထဲဝင်နေခဲ့ပြီကြောင့် လားမသိ။

ကြည်စင်ပြာလွင်နေသော ကောင်းကင်သည် ရုတ်တရက် တိမ်ညိုတွေ အုပ်ဆိုင်းကာ ညို့မှိုင်းမှိုင်းအသွင်ဆောင်လာပြန်လေသည်။

■



## အခန်း (၅)

ညဏ်တစ်စိတ်တစ်ဒေသက ပါးလွှားပျော့အိနေသည်။ မီးရောင်စုံ ကလည်း လူရောင်စုံတွေနှင့်အတူ မြူးထူးကခုန်လျက်။ အပျော်မျက်နှာ တွေဆီမှာလည်း ရယ်သံတွေ လျှံထွက်နေကြ၏။

ဖိတ်ခေါ်သံ၊ ငြင်းဆန်သံ၊ သဘောတူသံ၊ အို . . . အသံတွေမျိုးစုံ သေချာတာတစ်ခုကတော့ ထိုအသံလှိုင်းတွေထဲမှာ ရှိဝေမှုက ရာနိုင် ခပ်များများ ပျစ်စေးပျော်ဝင်နေကြသည်။ ဦးတည်ရာမတူသော ဆန္ဓိကို ရင်ဝယ်ပိုက်ရင်း မနုဿတွေကလည်း စက်ရုပ်ဆန်နေကြ၏။

ဖျပ်ဖျပ်လက်နေသော မြင်ကွင်းတွေကိုကြည့်ရင်း ညီဖစိတ်တွေ သွားလာရ၏။ ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့လည်း လူရောင်ကြား သိပ်ပြာလေးတစ်ကောင်လို ကနေသည့် အေမီကို တွေ့ရသည်။

www.burmeseclassic.com



တကယ့် သူ့စိတ်ရင်းတိုင်းဆိုလျှင် ခုလိုနေရာသို့ ညီဇ လာဖြစ်ရည် မဟုတ်ချေ။ ခေတ်လူငယ်ပီပီ အပျော်အပါးခုံမင်သော်လည်း ဒီလိုနိုဝင်နှင့် အသားချင်းထိကာ ကခုန်ရသော နေရာမျိုးသို့လာရန် သူတစ်ခါမှ ဆန္ဒမရှိခဲ့။ သူ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေသည်ဆိုတာက သူငယ်ချင်းတွေနှင့် သွားမယ်၊ လာမယ်၊ စားမယ်၊ သောက်မယ် . . . ဒီလောက်သာ ဖြစ်သည်။ အရင်ရည်းစားဖြစ်ခဲ့ဖူးသော ကောင်မလေးတွေနှင့်လည်း နှစ်ယောက်တည်း ဆိတ်ကွယ်သည့်နေရာများသို့ပင် သွားခြင်းမရှိခဲ့။ ခု . . . အေမီနှင့်ကျမှပဲ ညီဇတစ်ယောက် ထူးဆန်းသလို ခံစားနေရသည်။

အေမီကတော့ ဒီလိုနေရာမျိုးနှင့် တော်တော်လေး အကျွမ်းတဝင်ရှိပုံရသည်။ ခုလည်း ဒီနေရာသို့ အေမီ၏ဦးဆောင်မှုဖြင့် သူ ရောက်လာခြင်း ဖြစ်၏။ ဘာပဲပြောပြော ဒီလိုနေရာမျိုးမှာ သူ မနေချင်တော့။ ပြန်ချင်နေလေပြီ။

ထိုစဉ်အချိန်မှာပဲ . . .

"ညီ လာလေ . . . အေမီနဲ့အတူ က,ရအောင်"

စကားသံနှင့်အတူ နောက်ကျောဆီမှ သိုင်းဖက်လိုက်သော အထိအတွေ့ကို ခံစားလိုက်ရသည်။

ညီဇက လူချင်းခွာ၍ မျက်နှာမူလိုက်ပြီး . . .

"မကချင်ပါဘူး အေမီရာ၊ ကိုယ် ဝါသနာလည်း မပါဘူး၊ ဆောနေရင် ကိုယ်တို့ ပြန်ရအောင်နော်၊ ကိုယ့်မှာ အရေးတကြီးကိစ္စ တစ်ခုလည်း ရှိနေလို့ပါ"





စကားအဆုံးမှာ အေမီ နှုတ်ခမ်းစူတော့သည်။ ပြီး . . . ညီဇလည်ပင်းမှာ မှီလိုက်ရင်း . . .

"မရဘူးကွာ . . . ညီမှာ အေမီထက် အရေးကြီးတာ ဘာမှမရှိရဘူး လာပါ . . . က,ရအောင်လို့"

ညီဇ ထပ်၍ ခေါင်းခါလိုက်သည်။ ပြီး . . .

"မဖြစ်ဘူး အေမီရာ၊ ကိုယ် ပြန်မှဖြစ်မှာ၊ ပြီးတော့ အေမီကိုလည်း ဒီမှာ တစ်ယောက်တည်း မထားခဲ့ချင်ဘူး။ အတူတူပြန်ရအောင်နော်၊ အေမီကို ကိုယ် အရင်လိုက်ပို့မယ်"

"ဟာ . . . မရဘူးကွာ၊ လုံးဝမရဘူး။ အေမီ မပြန်ချင်သေးဘူး။ ဒါဆိုတော့ ညီလည်း မပြန်ရဘူး။ ဘာလဲ . . . ညီက အေမီနဲ့ မက,ချင်လို့လား"

"ဟာကွာ . . . ဒုက္ခပါပဲ၊ မဆိုးပါနဲ့ အေမီရယ် . . . ကိုယ်မှာက တကယ့်ကို ကိစ္စရှိနေလို့ပါ၊ ပြီးတော့ အဲဒီလိုတွေလည်း ကိုယ် မက,တတ်ဘူး"

အေမီ့မျက်နှာက ဆတ်ခနဲ တည်သွားရသည်။ ညီဇမျက်နှာကို စူးစူး စေ့စေ့ကြည့်လာပြီး . . .

"ညီ မက,ချင်ရင်လည်း သဘောပဲလေ၊ တစ်ယောက်တည်း ပြန်ပေါ့၊ အေမီတော့ မပြန်သေးဘူး၊ ပြီးတော့ ကလပ်ထဲမှာ အေမီနဲ့ က,ချင်တဲ့လူတွေက အများကြီး"

"အေမီ . . . မင်း အဲဒီလိုတော့ မပြောနဲ့လေ၊ ကိုယ်က ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားမှပေါ့"

ညီဇာက ခပ်တင်းတင်းပြောလိုက်သဖြင့် အေမီက လှောင်သလို အရှင်ရယ်လိုက်ပြီးမှ ...

"အဟင်း ... အေမီက ညီ့ကို ဆရာကြီးလို့ ထင်ထားတာရှင့် ခုတော့လည်း ညီက ကလေးအထာနဲ့ပါလား"

ထိုစဉ် ...

"ဟိုင်း အေမီ ... တစ်ယောက်တည်းလား"

အနားသို့ ညီဇတို့အရွယ် လူငယ်တစ်ယောက်ရောက်လာပြီး မေး လိုက်ခြင်းဖြစ်သည်။ ပြီးမှ ... အေမီအနီးမှာရှိနေသော ညီဇာကို သတိထား သွားဟန်ဖြင့် ...

"ဩော် ... ဩော် ... အေမီမှာ ပါတနာရှိနေတာပဲ၊ သွားလိုက် ဦးမယ်နော် ... ဟဲ ဟဲ"

ပြောပြီး ထိုတစ်ယောက် လှည့်ထွက်ရန်ဟန်ပြင်လိုက်ချိန်မှာပဲ အေမီ က ...

"ဟေ့ ဘိုဘို ... ခဏ၊ ဒီက ငါ့ပါတနာက လစ်တော့မှာမဟု ပြီးတော့ သူက 'က'တတ်တာလည်း မဟုတ်ဘူး။ ယူ အဆင်ပြေရင် တို့နဲ့ က,ရအောင်လေ"

ပြောရင်းပင် အေမီက ညီဇာဘက်သို့ ပြန်လှည့်လိုက်ကာ ...

"ကဲ ညီ ... လစ်ရင်လည်း လစ်တော့လေ၊ မနက်ကျမှ အေမီ ဖုန်းဆက်လိုက်မယ်"





မနာလိုစိတ် စိုးစဉ်းမျှမရှိသော်လည်း ညီဇ အနည်းငယ်တော့ ခံ ပြင်းသွားမိသည်။

ထို့ကြောင့် ပခုံးကိုပဲ ပြန်တွန့်ပြလိုက်ပြီး ...

"မဆက်နဲ့တော့ အေမီ၊ ကိုယ်လည်း မင်းဖုန်းကို ကိုင်မှာမဟုတ် ဘူး ကဲ သွားပြီ ... နောက်နေ့တွေအတွက်ပါ တစ်ခါတည်း နှုတ်ဆက်ခဲ့ မယ်"

မျက်နှာ ကွက်ခနဲပျက်သွားသော်လည်း ဘာမှမဖြစ်ဟန်နှင့် အေမီ က ပြန်ပြောလာသည်။

"ကောင်းပြီလေ ... ပြောချင်တာ ဒါပဲမဟုတ်လား ဘိုင် ... ညီ"

အနားမှ အေမီ ချာခနဲ လှည့်ထွက်သွားသည်။ မသွားလျှင်တောင် ထိုအချိန်ခဏမှာပဲ အေမီဆိုသောသူမကို ညီဇ ခေါင်းထဲမှ ထုတ်ပြီးသား ဖြစ်သည်။

လှမ်း၍ပင်မကြည့်ဘဲ ကလပ်ထဲမှ လေကာလေးချွန်ကာ ညီဇ ထွက်လာခဲ့သည်။ အောက်ထပ်ရှိ ပါကင်ထိုးထားသည့် ကားရှေ့ရောက်တော့ ညီဇ သတိရနှင့်ပင် လက်မှာပတ်ထားသော နာရီမှ သော့သီးအား တစ်ဆစ် ဆွဲ၍ ရပ်တန့်ပစ်လိုက်၏။

ပြီး စိတ်လက်ပေါ့ပါးစွာ ညီဇ ရေရွတ်မိသည်ကတော့ ...

"နမြောတော့ နမြောသား အေမီရာ၊ မင်းကိုတော့ မဟုတ်ဘူး အချိန်တစ်ပတ်လောက်ပဲ လည်ပတ်ခွင့်ရလိုက်တဲ့ ဒီနာရီလေးကို ထပ် ပြင်ပြတော့မှာမို့လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားပေါ်တက်ကာ ညီဇ မောင်းထွက်လိုက်သည်။

အပြင်ဘက်မှာတော့ ညသည် သဘာဝအတိုင်း နက်မှောင်ရိုးရှင်းနေဆဲဖြစ်သည်။

အတန်ကြာ မောင်းနှင်လာပြီးမှ အရေးကြီးသောကိစ္စတစ်ခုလုပ်ရန် သတိရလိုက်သဖြင့် ညီဇ ကားကို လမ်းဘေး၌ ခဏရပ်လိုက်သည်။

ပြီး . . . ဖုန်းထုတ်ကာ မက်ဆေ့ချ်တစ်စောင် ရိုက်၍ပို့လိုက်ပါ၏။

"ဒယ်ဒီ . . . နောက်ဆယ်မိနစ်အတွင်း သား အိမ်ပြန်ရောက်မယ်"

■



## အခန်း (၆)

"ဟက်ပီးဘာသ်ဒေးပါ ဒယ်ဒီ"

ညီဇက ကြည်ကြည်နူးနူးပြောရင်း အိမ်ညှော်ခန်းမှာ ရပ်စောင့်နေသော ဖခင်ဖြစ်သူ ဦးကျော်ဇကို အသာသိုင်းဖက်လိုက်သည်။

သားဖြစ်သူ၏ဂရုစိုက်မှုကြောင့် ဦးကျော်ဇတစ်ယောက် မျက်ဝန်းမှာပင် မျက်ရည်တွေ ရစ်ဝိုင်းသွားပြီး . . .

"ကျေးဇူးပါပဲ သားရယ်၊ ဒယ်ဒီ့မွေးနေ့တိုင်းကို သား အမှတ်ရပေးကိုပေါ့"

သားအဖနှစ်ယောက် ပြုံး၍ကြည့်မိကြသည်။ ပြီး . . . ဦးကျော်ဇ ဲ အသင့်ထည့်ထားသော ဝိုင်ခွက်နှစ်ခွက်ကိုယူကာ တစ်ခွက်အား ညီဇ သို့ လှမ်းပေးလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ဒိုးယားစ် သား"

"အိုကေ ဒယ်ဒီ"

နှစ်ယောက်သား ပြုံးတူမော့လိုက်ကြသည်။ ပြီး ... ညီဇကပဲ နှစ်ဦးမွေးနေ့တိုင်းမှာ လုပ်နေကျဖြစ်သော အလုပ်တစ်ခုကို လုပ်လိုက်သည်။

တခြားတော့ မဟုတ်။ အယ်ဘမ်ထဲမှ စီဒီတစ်ချပ်ကိုထုတ်ယူကာ စက်ထဲထည့်၍ ဖွင့်လိုက်ခြင်းဖြစ်၏။

ပြီး ... သားအဖနှစ်ယောက် တိုင်ပင်ထားစရာမလိုတဲ့ ကကြတော့ မည်။

မကာ,တတ် က,တတ်ဖြင့် နှစ်ယောက်သား ကနေကြသော်လည်း နှစ်ဦးစလုံးအတွက်တော့ ပျော်စရာအတိ ဖြစ်နေသည်။

ဒါသည် ဦးကျော်ဇ၏မွေးနေ့ရောက်တိုင်း သားအဖနှစ်ယောက် မပျက်မကွက် လုပ်ဖြစ်ကြသော ရိုးရာဖြစ်သည်။ တစ်နည်းအားဖြင့် ညီဇ၏ မွေးနေ့လက်ဆောင်ဆိုလျှင်လည်း မမှား။

တကယ်လည်း ဦးကျော်ဇဆိုသည့် လုပ်ငန်းပိုင်ရှင်သူဌေး၏မွေးနေ့ပွဲသည် ဘာကြီးကျယ်ခမ်းနားမှုမှမရှိချေ။

သို့သော်လည်း ဦးကျော်ဇ သားဆီက ရလိုက်သောလက်ဆောင်မှာ တစ်နှစ်ပတ်လုံးအတွက် အချိုမြိန်ဆုံး ပီတိကိုဖြစ်စေသည်။

ထိုသို့နှစ်ယောက်သား အတူက,နေစဉ်မှာပဲ ခေါင်းထဲမှ မိုက်ခနဲ ဖြစ်သွား၍ ဦးကျော်ဇ နားထင်ကို လက်နှင့်ယောင်ယမ်းကိုင်လိုက်မိသည်။





ဖခင်ဖြစ်သူ၏အမူအရာကြောင့် ညီဇစိတ်ထဲ တုန်လှုပ်သွားပြီး စိုးရိမ်စွာ လှမ်းခေါ်လိုက်၏။

"ဒယ် ... ဒယ်ဒီ ... ဘာဖြစ်တာ"

ညီဇ စကားက မဆုံးလိုက်။ အားယူကာ မတ်တတ်ရပ်နေသော ဦးကျော်ဇခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားပြီး–

ထိုအချိန်နှင့် တစ်ထပ်တည်းဆိုသလို အာခေါင်ခြစ်ကာ အော်ခေါ်လိုက်သော ညီဇအသံက ညထက်နက်သွားလေတော့၏။

"ဒယ်ဒီ!"

■



www.burmeseclassic.com

www.burmeseclassic.com

လောတစ်ခုဆိုတဲ့လက်တာ
မာယာပြတ္တဒိန်ထဲက တစ်ရက်ကို
မင်နဲ့ ရွေးပက်လိုက်တယ်၊



## အခန်း (၃)

နဂိုထဲကမှ လူသူကျဲပါးသော အိမ်ကြီးသည် ဦးကျော်ဇော်ရက်လည် အခမ်းအနား ပြီးဆုံးချိန်မှာတော့ တစပြင်နီးပါး ခြောက်ကပ်သွား၏။

ခုလည်း အိမ်ထဲမှာ ညီဇ ယော်စဥ်ကတည်းက နေထိုင်လာခဲ့သည့် ဦးလေးမြိုင်နှင့် ဒေါ်လေးခင်တို့လင်မယား၊ ပြီး . . . ညီဇော်သူငယ်ချင်းတွေ ဖြစ်သော တိုးကျော်နှင့်ဇော်မိုးတို့အပြင် စစ်ကိုင်းချောင်မှ ရောက်လာသော ဦးကျော်ဇော် တစ်ဦးတည်းသောအစ်မဖြစ်သူ ဒေါ်စောမေတို့သာ ရှိနေသည်။

"သားအဖနှစ်ယောက်တည်း ရှိတဲ့ဘဝမှာ အနက်ကယ် ခုလို ရုတ်တရက်ဖြစ်သွားတော့ မင်း ဘယ်လောက်ခံစားနေရမယ်ဆိုတာ ငါတို့ နား လည်ပါတယ်ကွာ၊ ဒါပေမဲ့ . . . ဒါတွေက လွန်ဆန်လို့မှမရတာလေ"

တိုးကျော်၏စကားအဆုံးမှာ ဇော်မိုးကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီဇ . . . ခုချိန်မှာတော့ မင်း အန်ကယ်ရဲ့အလုပ်တွေကို ဆက်ပြီးတာဝန်ယူဖို့ လိုလာပြီ"

နှစ်ယောက်စလုံး၏စကားကို နားမှာ ကြားနေရသော်လည်း ညီဇ ဘာမှပြန်မပြောမိ။ အဝေးသို့သာ ငေးနေမိသည်။ စိတ်ထဲမှာလည်း ကောင်းကင်ကြီးတစ်ခု ပြိုကျသွားသလို ခံစားနေရ၏။ လောလောဆယ် ဘာမှမလုပ်ချင် မကိုင်ချင်။ ဘာစကားမှလည်း မကြားချင် ဖြစ်နေမိသည်။

ထိုအချိန်မှာပဲ ကြီးဒေါ်ဖြစ်သူ ဒေါ်စောမေက အနားသို့ရောက်လာပြီး ညီဇကို ကရုဏာသက်စွာ ကြည့်လျက် . . .

"သား ခုချိန်မှာ ခံစားနေရမယ်ဆိုတာ ကြီးမေ သိပါတယ်၊ ဒါပေမဲ့ ပြောစရာရှိတာကိုတော့ ပြောရမှာပဲ၊ သား ကြီးမေတို့နဲ့ ခဏ စကားပြောရအောင်"

ညီဇ မျက်ခုံးပင့်လိုက်မိသည်။ တစ်ဆက်တည်းပဲ . . .

"ဘယ်လို ကြီးမေ . . . ကြီးမေတို့ဆိုတာ ဘယ်သူတွေ ပါသေးလို့လဲ"

ဒေါ်စောမေက သက်ပြင်းငွေ့ငွေ့ချလိုက်ပြီး . . .

"သား မသိသေးတဲ့ကိစ္စတွေ အများကြီးရှိသေးတယ် သား။ ခုလို သား ဒယ်ဒီမရှိတော့တဲ့ နောက်မှာတော့ အားလုံးကို ပြောပြဖို့ လိုလာပြီလေ"

"ဟင် . . . ဘာတွေများလဲ ကြီးမေ၊ သား သိပ်နားမလည်ဘူး"

ညီဇ ပြန်ပြောလိုက်သောစကားကြောင့် ဒေါ်စောမေက . . .





"ကဲ . . . အဲဒီအကြောင်းတွေ ပြောရအောင် ကြီးမေနဲ့ အိမ်ထဲကို လိုက်ခဲ့ပါ"

ပြောပြီး ဒေါ်စောမေ လှည့်ထွက်သွားသည်။ ညီဇ ကြောင်အမ်းနေသဖြင့် တိုးကျော်က . . .

"ညီဇ . . . လိုက်သွားလေ၊ ကြီးမေ ပြောမယ်ဆိုတာ မင်းမသိသေးတဲ့ မိသားစုကိစ္စ ဖြစ်မယ်ထင်တယ်"

ကျော်ဇ အသာထပြီး လိုက်သွားလိုက်သည်။ တကယ်တော့ ဒယ်ဒီ၏အစ်မဖြစ်သူ ကြီးမေသည် ညီဇ အရွယ်ရောက်ကတည်းက စင်ကာပူသို့သွားကာ တရားအားထုတ်နေသူဖြစ်သည်။ ခု . . . ကြီးမေထံမှာ သူ မသိသေးသော ဘာကိစ္စတွေများ ရှိနေသနည်း။

အိမ်၏အတွင်းဧည့်ခန်းထဲသို့ ဝင်သွားလိုက်တော့ ညီဇ အနည်းငယ် အံ့သြသွား၏။ သူ့ထက် အသက်အနည်းငယ်ကြီးဟန်ရှိသော စုံတွဲတစ်တွဲကိုပါ ဒေါ်စောမေနှင့်အတူ တွေ့လိုက်ရ၍ဖြစ်သည်။ ထိုစုံတွဲကို ညီဇ အခု စတွေ့ဖူးခြင်းတော့မဟုတ်။ ဒယ်ဒီဆုံးကတည်းကပဲ ကြီးမေဆီသို့ မကြာခဏ လာနေတာမို့ မြင်ဖူးနေသည်။

ခုလည်း ဒေါ်စောမေက ညီဇကို . . .

"သား ထိုင် . . . ခဏနေရင် ရှေ့နေကြီး ဦးသော်ကောင်းလည်း လာလိမ့်မယ်၊ ခုတော့ သားနဲ့ မိတ်ဆက်ပေးဦးမယ်ကွဲ၊ ဒါက မောင်ကျော်ဇော်တဲ့၊ ဘေးက သူ့ဇနီး ခင်သန္တာပဲ"

ညီဇက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ ကြီးမေပြောမယ်ဆိုတဲ့ကိစ္စက ဒီညွှန်သည်တွေနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ပြီးတော့ … ရွှေနေကြီးကို ခေါ်ထားတာက"

စကားမဆုံးခင်မှာပဲ ဒေါ်စောမေက လက်အသာကာပြရင်း …

"ခဏလေး သား … သားနားလည်အောင် ကြီးမေ ရှင်းပြပါ့မယ်၊ ဒီက မောင်ကျော်မင်းဟာ သားရဲ့အစ်ကိုတော်တယ်ကွဲ့"

"ဗျာ"

ညီဇ အံ့သြစွာ ရေရွတ်မိသည်။ ဖျတ်ခနဲ ကြည့်လိုက်တော့ ကျော်မင်းဆိုသူက ပြုံးပြလာသည်။

ဒေါ်စောမေကလည်း ဆက်၍ …

"ဒီလို သားရဲ့ … သားဒယ်ဒီ ကျော်ဇဟာ သားအမေနဲ့ အိမ်ထောင်မကျခင်ကပဲ ဒီက မောင်ကျော်မင်းအမေနဲ့ အရင်အိမ်ထောင်ကျခဲ့တာ၊ အဲဒီတုန်းက မောင်ကျော်မင်းကို မွေးဖွားခဲ့တာပဲ"

"ကြီးမေ … ဒါတွေကို ဘာဖြစ်လို့ ကျွန်တော် မသိခဲ့တာလဲ ခင်ဗျာ"

"မဟုတ်ဘူး သား၊ သားဒယ်ဒီကိုယ်တိုင်က သားကိုမပြောဖို့ အားလုံးကို တားထားခဲ့တာ၊ စကားကို ဆက်ရဦးမယ်၊ သားဒယ်ဒီရဲ့အရင်မိန်းမဟာ မောင်ကျော်မင်းရဲ့ကိုယ်ဝန်ကို လွယ်ထားရတဲ့အချိန်လောက်မှာမှ …"

စကားကို ဖြတ်ထားပြီးမှ ဒေါ်စောမေက ကျော်မင်းကို တစ်ချက်ကြည့်လိုက်သေးသည်။ ကျော်မင်းက မသိမသာ ခေါင်းငုံ့ချသွားသော်လည်း ဒေါ်စောမေကပဲ …

"အဲဒီအချိန်မှာပဲ မောင်ကျော်မင်းရဲ့အမေက အိမ်ထောင်ရေးအောက်ပြန့်လို့ဆိုပြီး သားဒယ်ဒီနဲ့ကွဲကြတယ်၊ ကျော်ဇကလည်း စိတ်နာနာနဲ့ အဲဒီမိန်းမကို လုံးဝမဆက်သွယ်တော့ဘူး၊ ပြီးတော့ အဲဒီမိန်းမနဲ့အတူ ကိုယ်ဝန်ပါသွားတာလည်း မသိခဲ့ဘူးလေ …၊

ဒီလိုနဲ့ နောက်လေးနှစ်လောက်ကြာတော့ ကျော်ဇဟာ သားအမေနဲ့ ထပ်တွေ့တာတာပဲ၊ ဒါပေမဲ့ … ကျော်ဇဟာ အိမ်ထောင်ရေး ကံမကောင်းခဲ့ပါဘူးကွယ်၊ သားအမေကိုတော့ တကယ်ကို ချစ်ခင်စုံမက်လို့ လက်ထပ်ခဲ့တာပါ၊ ပြီးတော့ … အဲဒီအချိန်မှာ သားအမေက သားရဲ့ကိုယ်ဝန်ကို လွယ်ထားရတဲ့ မှဆိုးမတစ်ယောက်လေ"

"ဗျာ"

ညီဇ အကြီးအကျယ် တုန်လှုပ်သွားရတော့သည်။ ဘာတွေဘယ်လိုဖြစ်ကုန်ပြီမသိတော့။ ဒီအတိုင်းဆိုလျှင် ကျော်မင်းဆိုသူက ဒယ်ဒီ၏သားအရင်းဖြစ်ပြီး သူဆိုသည့် ညီဇကသာ …

"အား … မဖြစ်နိုင်ဘူး ကြီးမေ၊ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်တော် …မယုံဘူးဗျာ"

နားနှစ်ဖက်ကို လက်နှင့်ပိတ်၍ ညီဇ အော်လိုက်မိသည်။

ဒေါ်စောမေက သက်ပြင်းချကာ ခဏစောင့်နေပြီးမှ …

"စိတ်ကိုလျှော့ပါ သားရယ်၊ ကြီးမေက တရားသေမှားယွင်း ခုလို




ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေသလည်း ဘာကိုမှ လိုချင်တပ်မက်လို့ မဟုတ်ဘူး။ အမှန်တရားတစ်ခုကို ဆုံးကွယ်ထားချင်လို့ပါ၊ ပြီးတော့ . . . မောင်ကျော်မင်းဘက်က ကြည့်ရင်လည်း ကျော်ဇဟာ အဖေအရင်းလေ''

ဘာပြန်ပြောရမှန်းမသိအောင်ပင် ညီဇ ကြက်သေသေနေမိသည်။ ဒေါ်စောမေကာပဲ . . .

''ဒါပေမဲ့ . . . ကျော်ဇဟာ သားကို သားအရင်းတစ်ယောက်လိုပဲ ချစ်ခဲ့ပါတယ်၊ သား အရွယ်ရောက်လာတဲ့အချိန်ကျမှ သူ့မှာ အရင်မိန်းမနဲ့ ရခဲ့တဲ့ သားတစ်ယောက်ရှိနေမှန်း သိခဲ့ရတာ၊ ဒါပေမဲ့ အဖြစ်မှန်တွေကိုသာ သားသိသွားရင် စိတ်ဒဏ်ရာရမှာစိုးလို့ သားအရင်းကိုတောင် အိမ်ပေါ်ခေါ်မထားခဲ့ဘူး။ အဝေးကပဲ ထောက်ပံ့ခဲ့တာ''

''ဒါ . . . ဒါဆို ခု သူတို့ရောက်လာတာက . . .''

စကားအဆုံးမှာ ဒေါ်စောမေက ခေါင်းညိတ်ရင်း . . .

''ဟုတ်တယ် သား . . . မောင်ကျော်မင်းက သူ့အဖေရဲ့ ရှာပနကို နောက်ဆုံးဂါရဝလာပြုတာလေ၊ ဒါပေမဲ့ . . . ကျော်ဇဟာ သူပိုင်ဆိုင်သမျှ စည်း စိမ်ဥစ္စာတွေကို သားနဲ့ မောင်ကျော်မင်းအတွက် ရှေ့နေနဲ့တိုင်ပင်ပြီး ခွဲဝေထားခဲ့တယ်၊ တစ်ယောက်တစ်ဝက်စီ အညီအမျှပဲ''

ထိုအချိန်မှာပဲ ဦးကျော်ဇ၏ရှေ့နေဖြစ်သူ ဦးသော်ကောင်း အခန်းထဲသို့ ဝင်လာသည်။

ပြီး . . . အားလုံးကို အကြည့်ဖြင့်နှုတ်ဆက်ကာ ဝင်ထိုင်လိုက်ရင်း . . .





''တချို့ကိစ္စတွေကိုတော့ အစ်မကြီး ရှင်းပြပြီးပြီလို့ ထင်ပါတယ်''

ပြောပြောဆိုဆိုပင် ဦးသော်ကောင်းက အတာချီကော့စ်ထဲမှ စာရွက်စာတမ်းတွေကို ထုတ်လိုက်ပြီး တစ်ဆက်တည်းပဲ . . .

''ဒါတွေက ဦးကျော်ဇရဲ့ပိုင်ဆိုင်မှု စာချုပ်တွေပါ၊ ဒါပေမဲ့ . . . ခက်တာက ဦးကျော်ဇဟာ ပိုင်ဆိုင်သမျှ ငွေကြေးဥစ္စာတွေကို လက်ရှိ သူ ရှယ်ယာအများကြီးပိုင်တဲ့ ကုမ္ပဏီထဲမှာ မြှုပ်နှံထားတယ်၊ နောက်ဆုံး ဒီ အိမ်ကြီးကိုတောင် ပေါင်ပြီး လုပ်ငန်းအတွက် ရင်းနှီးထားတယ် ဆိုတာပါပဲ''

''ဟင်''

''အို''

အားလုံးပြိုင်တူရေရွတ်မိကြတော့၏။ ရှေ့နေ ဦးသော်ကောင်းက အားလုံးကို ထပ်ကာ စေ့ကြည့်ရင်း . . .

''ဒါပေမဲ့ ခု . . . ဦးကျော်ဇ ဆုံးပါးသွားပြီဆိုတော့ အမွေတွေက သူ့သားနှစ်ယောက်နဲ့ ဆိုင်လာပြီလေ၊ ဒီတော့ လုပ်ငန်းထဲက ငွေတွေကို မထုတ်ဘဲ အရင်အတိုင်း ဆက်လုပ်မှာလား၊ အဲ . . . ရှယ်ယာတွေ ထုတ်မယ် ဆိုရင်တော့ စာရင်းရှင်းဖို့အတွက် အချိန်တစ်ခုပေးရလိမ့်မယ်''

စကားကိုဖြတ်ပြီး ဦးသော်ကောင်းက အားလုံးကို တစ်ချက်အကဲခတ်လိုက်သည်။ ဒေါ်စောမေကတော့ သူနှင့် မဆိုင်သူလို ဘာတစ်ခွန်းမှ မပြောချေ။ သူ့မောင်ထားခဲ့သည့် ပစ္စည်းဥစ္စာတွေကိုလည်း မက်မောဟန် မရှိ။

ထိုအချိန်မှာပဲ ခင်သန္တာဆိုသည့် မိန်းမက ဝင်၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"ခင်တို့ကတော့ ဘာမှနားမလည်တဲ့အလုပ်ကို ဆက်မလုပ်ချင်ပါဘူး အချိန်စောင့်ချင် စောင့်ရပါစေ . . . ရှယ်ယာတွေ ပြန်ထုတ်ပြီး အမွေခွဲကြတာပေါ့"

ထိုစကားကြောင့် ကျော်မင်းမျက်နှာက ကွက်ခနဲ ပျက်သွားရသည်။

ချက်ချင်းပဲ ဘေးမှ သူ့မိန်းမကို တစ်ချက်ကြည့်လိုက်ရင်း . . .

"ဟာကွာ . . . ခင်ကလည်း ခဏနေပါဦး၊ ဒီကိစ္စကို ညီလေး ဘယ်လိုသဘောထားသလဲဆိုတာက ရှိသေးတယ်လေ"

ပြောရင်း ကျော်မင်းက ညီဇာကို အားနာဟန်ဖြင့် ကြည့်လာသည်။ သို့သော်လည်း ခင်သန္တာက မျက်နှာကိုပင် မဲ့လိုက်ရင်း . . .

"အို . . . ကိုကျော်ကလည်း ကိုယ့်အတွက် ဖြစ်သင့်ဖြစ်ထိုက်တာကို ခင်က ပြောတာပဲလေ၊ တကယ်ဆို သားအရင်းဖြစ်တဲ့ ကိုကျော်က တောင် အကုန်ရသင့်တာ"

"ခင် . . . မင်းစကားကို ရပ်စမ်း"

ကျော်မင်းက မျက်နှာအပျက်အပျက်နှင့် လှမ်းပြောလိုက်၍ ခင်သန္တာ ခဏငြိမ်သွားသော်လည်း ညီဇာစိတ်ထဲမှာတော့ သွေးတွေဆူပွက်သွားသလို ခံစားလိုက်ရ၏။ ခပ်စူးစူးလှမ်းကြည့်လိုက်သဖြင့် ခင်သန္တာက မသိမသာမဲ့ရင်း မျက်နှာလွှဲသွားသည်။

ညီဇာလည်း စိတ်ကိုလျှော့ချလိုက်ပြီး . . .

"ကဲ ဦးလေးသော်ကောင်း . . . တစ်ဖက်က ဒီလိုဆန္ဒရှိနေတယ်ဆိုတော့ ကျွန်တော်လည်း ဘာမှမပြောလိုတော့ပါဘူး။ ရှယ်ယာတွေထုတ်ပြီး အမွေခွဲဖို့အတွက်သာ စီစဉ်ပေးပါ"

ဦးသော်ကောင်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း . . .

"ကောင်းပြီလေ . . . ဒါနဲ့ ပေါင်ထားတဲ့ ဒီအိမ်ကြီးကိုရော ဘယ်လို . . ."

"အဲဒါက လွယ်ပါတယ်၊ အမွေတွေခွဲပြီးရင် လိုချင်တဲ့လူက တန်ဖိုးအတိုင်း တစ်ဝက်ပြန်အမ်းလိုက်ပေါ့၊ လောလောဆယ်တော့ နှစ်ယောက်စလုံး ပိုင်တဲ့သဘောပဲ၊ အဲဒီတော့"

ထိုစကားကို ခင်သန္တာက ဖြတ်ပြောလိုက်ခြင်း ဖြစ်သည်။ သူ့စကားဆုံးခင်မှာပဲ ညီဇာက . . .

"အဲဒီတော့ . . . ခင်ဗျားက ဘယ်လိုလုပ်ချင်လို့လဲ"

ခပ်တင်းတင်းမေးလိုက်သော ညီဇာကို ခင်သန္တာက ဆတ်ခနဲ ကြည့်လိုက်ပြီးမှ နှုတ်ခမ်းကို မဲ့ရင်း . . .

"အဲဒီတော့ ရှင်းနေတာပဲလေ၊ နှစ်ယောက်ပိုင်တဲ့အိမ်ဆိုတော့ အမွေခွဲလို့မပြီးမချင်း တို့တွေလည်း ဒီအိမ်မှာပဲနေမယ်ဆိုတဲ့ သဘောပဲ"

"ဟာကွာ . . . ခင်ကလည်း တခြားနေစရာ ရှိတာပဲဥစ္စာ၊ ညီလေး အနေခက်မှာပေါ့"

ခင်သန္တာကတော့ ကျော်မင်း၏စကားကို အရေးပင်မစိုက်ချေ။ သည်း လင်တော်မောင်ကို မျက်စောင်းထိုးလိုက်ပြီး . . .

"ကိုကျော် အသာနေပါ၊ ကိုယ်ပါပိုင်တဲ့အိမ်မှာ နေတာ ဘာဖြစ်လဲ၊ အမွေခွဲပြီးတဲ့အခါကျတော့ တစ်မျိုးပေါ့"







www.burmeseclassic.com

www.burmeseclassic.com

ညီဇ စိတ်မသက်မသာနှင့် ခေါင်းသာခါယမ်းမိတော့သည်။ တကယ် တမ်းပြောရလျှင် ကာယကံရှင်ကျော်မင်းက ဒီလောက်မဟုတ်ချေ။ သူ့မိန်းမ ခင်သန္တာကပဲ လောဘဇောတွေတိုက်ကာ အတင်းကြီးဖြစ်နေသည်။

တစ်ခဏလေးအတွင်းမှာပင် ခင်သန္တာ၏စိတ်ကို သိလိုက်ရသော ညီဇက လှောင်ရယ်လိုက်ရင်း မနီးမဝေး ပြန်ပြောလိုက်ပါ၏။

''ရတယ်လေ ... နေပေါ့၊ ဒါပေမဲ့ ... တစ်ခုတော့ မှာထားမယ် နော်၊ ဒယ်ဒီနေခဲ့တဲ့အခန်းကိုတော့ ဘာမှလက်ရာမပျက်ပါစေနဲ့၊ ပြီးတော့ ... ကျွန်တော့်အခန်းကိုလည်း ယောင်လို့တောင် မထိပါနဲ့''

ထိုစကားကြောင့် ခင်သန္တာမျက်နှာက မဲ့ခွက်ခွက်ဖြစ်သွားပြီး ...

''အိုး ... စိတ်မဝင်စားပါဘူး၊ ဒီအိမ်ကြီးမှာက နေစရာအခန်းတွေ အများကြီးပဲဥစ္စာ၊ နော် ... ကိုကျော်''

ထိုစကားတွေကို ညီဇ မကြားချင်တော့။ လောလောဆယ် ပြော စရာလည်း ကုန်သွားပြီမို့ အသာထရပ်လိုက်ရင်း ...

''ကဲ ဦးလေးသော်ကောင်း ... စီစဉ်စရာရှိတာတွေကိုပဲ စီစဉ်ပေး ပါနော်၊ အမြန်ဆုံးပေါ့''

ပြောပြီးမှ ဒေါ်စောမေဘက်သို့ မျက်နှာမူလိုက်ကာ ...

''ကြီးမေရော သားကို ဘာပြောစရာ ရှိသေးလဲ''

ဒေါ်စောမေက မျက်နှာပူပူဟန်ဖြင့် ခေါင်းအသာခါလိုက်ပြီး ...

''မရှိပါဘူး သားရယ်၊ ဒီကိစ္စကို သားတို့နှစ်ယောက် သဘောတူ ရင် ပြီးတာပါပဲ၊ ကြီးမေကတော့ ပြောစရာရှိတာ ပြောပြီးပြီမို့ မနက်ဖြ





စ်ကိုင်းကို ပြန်တော့မယ်''

စကားအဆုံးမှာပဲ ညီဇက ဒေါ်စောမေကို ထိုင်၍ ကန်တော့လိုက် သည်။ ကန်တော့ရင်းပင် ဖခင်ဦးကျော်ဇကို စိတ်ထဲရည်မှန်းလျက် ...

''သားကို သားအရင်းတစ်ယောက်လို ဆက်ဆံခဲ့ပြီး ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးပါ ဒယ်ဒီ၊ ခုလည်း ဒယ်ဒီစီမံခဲ့တဲ့အတိုင်း သား အားလုံးကို လက်ခံလိုက်နာပါ့မယ်လို့ ကတိပေးပါတယ်''

ကြီးမေကို နှုတ်ဆက်ပြီး ညီဇ လှည့်ထွက်လာခဲ့၏။ အိမ်ရှေ့ညဉ့် ခန်းသို့ရောက်တော့ စောင့်နေသေးသော တိုးကျော်တို့ကို တွေ့လိုက်ရသည်။

တိုးကျော်ကပဲ အရင် ...

''ညီဇ ... ကြီးမေက မင်းကို ဘာတွေပြောလိုက်သေးလဲ''

မျက်နှာခပ်နွမ်းနွမ်းဖြစ်နေသော ညီဇကို မေးလိုက်ခြင်းဖြစ်သည်။

ညီဇက ခေါင်းအသာခါရင်း ...

''ဒီလိုပါပဲကွာ ... နောက်မှပဲ မင်းတို့ကို ပြောပြမယ်၊ ခုတော့ ငါတစ်ယောက်တည်း နေချင်လို့''

စကားအရိပ်အခြည်ကို နားလည်ဟန်ဖြင့် တိုးကျော်နှင့်ဇော်မိုးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ပြီးမှ ဇော်မိုးက ...

''အေး ... ဒါဆိုလည်း နားလိုက်လေ၊ ငါတို့လည်း ပြန်လိုက်ဦး မယ် ကိစ္စရှိရင် ဖုန်းဆက်လိုက်ပေါ့''

ခေါင်းညိတ်ပြလိုက်သည်။ ပြီး ... ရှုပ်ထွေးသောစိတ်တွေနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာတာ တံခါးကိုပဲ လှော်ချလိုက်မိတော့သည်။

အိပ်ရာပေါ်လှဲရင်း ညီဇ တွေးနေမိသည်က ငယ်စဉ်ကတည်းက သူ့အပေါ် အယ်ဒီပြုစုစောင့်ရှောက်လာခဲ့သော ပုံရိပ်များ။

မေ့မရသည့်ပုံရိပ်တွေကို ရုပ်ရှင်ပြကွက်တွေကဲ့သို့ မျက်ဝန်းထဲမှာ မြင်ယောင်ရင်းပင် ဒယ်ဒီဟု ညီဇ ခပ်တိုးတိုး မြည်တမ်းလိုက်မိသည်။

သို့သော်လည်း . . .

ညီဇ၏တမ်းတမှုကိုတော့ တမလွန်မှ ဦးကျော်ဇတစ်ယောက် ကြားနိုင်မည်မထင်တော့ချေ။



## အခန်း (၈)

"ဟေ ဘယ်လို . . . ဒါဆို အဲဒီလင်မယားက အခု မင်းတို့အိမ်ပေါ်မှာ အခန့်သားနေနေတာပေါ့ . . . ဟုတ်လား"

တိုးကျော်၏အမေးစကားအဆုံးမှာ ညီဇ ခေါင်းညိတ်လိုက်သည်။

"အမှန်ပဲ တိုးကျော် . . . အဲဒီလို ပိုင်စိုးပိုင်နင်း တက်နေရုံတင်မကဘူး ဦးလေးမြိုင်တို့လင်မယားကိုပါ အလုပ်ဖြုတ်ပြီး တောပြန်နိုင်းလိုက်တယ်လေ"

"ဟာ . . . ဘယ်လိုလင်မယားလဲကွ"

တိုးကျော်စကားအဆုံးမှာ ဇော်မိုးကလည်း . . .

"အေးလေ . . . ဒါနဲ့ အဲဒီကိစ္စကို မင်းက ဘာမှဝင်မပြောဘူးလား အသက်ကြီးမှကွာ၊ ဒေါ်လေးခင်တို့ သနားပါတယ်"

www.burmeseclassic.com



''ဘယ်နေပါ့မလဲ ဖော်မိုးရာ၊ ငါလည်း ပြောတာပေါ့၊ အဲဒီလောဘ ဖောတိုက်နေတဲ့ မိန်းမကို ကောင်းကောင်းကြီးကို ပြောပစ်လိုက်တာ၊ တွေ့ရ တာ သိပ်မကြာသေးပေမယ့် သူနဲ့ငါကတော့ ကမ္ဘာ့ရန်ဖြစ်သွားပြီ''

ညီဇ နာကြည်းခံပြင်းစွာ ပြောလိုက်မိသည်။ တကယ်လည်း အိမ်ပေါ်အထိတက်လာပြီး နေရာတကာ ပါဝါပြချင်နေသည့် ထိုမိန်းမကို သူ တစ်စက်မှ ကြည့်မရချေ။ ဖြစ်နိုင်လျှင် အမုန်းကြိတ်ချင်နေမိသည်။

ခုလည်း ဖော်မိုးက ညီဇကိုကြည့်ကာ . . .

''ဒါနဲ့ . . . မင်းအစ်ကိုလို့ပြောတဲ့ လူကရော သူ့မိန်းမကို ဘာ ဝင်မပြောဘူးလား''

ထိုစကားကြောင့် ညီဇက စိတ်တိုသွားဟန်ဖြင့် . . .

''နားစမ်းပါကွာ၊ ဘယ်က ငါ့အစ်ကိုဖြစ်ရမှာလဲ၊ အဖေကြီး ပြီးတော့ . . . အဲဒီလူကလည်း အလကားအာပေတူးကွ၊ တကယ်တမ်း တော့ သူ့မိန်းမကို လွန်ဆန်ရဲတာမဟုတ်ဘူး''

နှစ်ကောင်စလုံး ခပ်ငိုင်ငိုင်ဖြစ်သွားကြသည်။ ပြီးမှ တိုးကျော် အရင် . . .

''ဒါဆို . . . အဲဒီလင်မယားနဲ့မင်း ဘယ်လိုစခန်းဆက်သွားဖို့ စဉ်း စားထားလဲ ညီဇ''

ညီဇ တွေခနဲဖြစ်သွားရ၏။ လောလောဆယ် ထိုလင်မယားကြောင့် စိတ်ကသိကအောက်ဖြစ်ရပေမယ့် ရှေ့လျှောက် ဘယ်လိုနေရမည်ကို စဉ်း စားထားသေး။





သို့သော်လည်း ခုလိုမေးလာသည့်အချိန်မှာတော့ စိတ်ထဲရှိတာကိုပဲ ပြောလိုက်သည်။

''မသိသေးပါဘူးကွာ၊ လောလောဆယ်တော့ သူတို့မျက်နှာ ကြည့်မိအောင်ဘဲ နေရတာပေါ့၊ ငါကလည်း အိမ်သိပ်ကပ်တဲ့ကောင်မှ ဟုတ်တာ၊ အမွေခွဲပြီးရင်တော့ ဒီအိမ်ရဲ့တန်ဖိုးတစ်ဝက်ကို ပြန်အမ်းလိုက် ယ်လေ၊ ပြီးမှပဲ ကျန်တဲ့ကိစ္စတွေကို စဉ်းစားမယ်''

''အင်း . . . မင်းပြောပုံအရဆို အဲဒီ ခင်သန္တာဆိုတဲ့မိန်းမက တော် တ်ပိုက်ဆံမက်တာပဲကွ''

ညီဇ နှာခေါင်းရှုံ့လိုက်မိသည်။

''သိပ်သေချာတာပေါ့ကွာ၊ အဲဒီမိန်းမကို စတွေ့ကတည်းက စိတ် ၌ပေါက်နေတာ၊ ခုလို သူနဲ့ တစ်အိမ်တည်းမှာနေရတာလည်း ငါ့အတွက် ပ်ပွတယ်''

မဲ့ရွဲ့ပြီး ပြောလိုက်သော ညီဇစကားအဆုံးမှာ တိုးကျော်က ခေါင်း တ်ဆတ်ညိတ်ရင်း . . .

''အင်းလေ . . . ဘာပဲဖြစ်ဖြစ် သည်းခံပြီး အောင့်အီးနေလိုက်ပါ အမွေကိစ္စတွေလည်း ခုဆို စာရင်းရှင်းနေပြီ မဟုတ်လား''

''ဟုတ်ပါတယ်၊ အဲဒါကြောင့်လည်း စိတ်ကို ထိန်းနေရတာပေါ့၊ ယ်ဆို အဲဒီစည်းစိမ်ဥစ္စာတွေကို မက်လွန်းလို့ မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ လောဘတက်ပြီး ရလိုမှုများလေ ငါ့စိတ်ကလည်း ... လေ ဖြစ်နေမိတာ''



www.burmeseclassic.com

www.burmeseclassic.com



ညီဇကောအကြောင့် နှစ်ယောက်စလုံး သဘောကျသလို ရယ်တော့သည်။

ထိုအကျော်က ညီဇကို စေ့စေ့ကြည့်လျက် . . .

"ဘာပဲပြောပြော မင်းတော့ အတော်ပြောင်းလဲသွားတယ် ညီဇ အရင်ကဆို ဒီအချိန် မင်း နာရီနောက်တစ်လုံးပတ်ဖို့လောက်ပဲ စဉ်းစားနေမှာ မဟုတ်လား"

ထိုအခါမှပဲ ညီဇ သူ့လက်သူ သတိထားပြီး ကြည့်မိသည်။ ဟုတ်သည်ပဲ။ အေမီနှင့်ကိစ္စ ပြီးပြတ်ကတည်းက ဒယ်ဒီလည်းဆုံး၊ ခု အမွေကိစ္စတွေကလည်း ရှုပ်ထွေးနေသဖြင့် ခေါင်းထဲမှာ ထိုအကြောင်းအရာတွေ မေ့နေမိသည်။

ခုလို အစပြန်ဖော်ပေးတော့မှ ကောက်ကာငင်ကာ ရည်းစားပြန်ထား ချင်စိတ်က ပေါ်လာတာမျိုးမဟုတ်။ ဘာကိစ္စကိုမှ ခေါင်းထဲထပ်ထည့် မရအောင်ပင် လောလောဆယ်အာရုံက အနောက်ကြီး နောက်နေရသည် မဟုတ်လား။

ထိုအတွေးနှင့် ညီဇက ခပ်နွမ်းနွမ်း ပြုံးလိုက်ပြီး . . .

"တော်ပါပြီကွာ . . . အမွေကိစ္စတွေ ပြီးသွားရင်လည်း အရင် ငါ နေတော့မှာ မဟုတ်ပါဘူး။ အရင်တုန်းက သူဌေးသားဆိုတော့ နေချင် သလိုနေ, ကဲချင်သလို ကဲလို့ရတယ်၊ ခုကျတော့ အလုပ်လုပ်မှဖြစ် အချိန်ကို ရောက်လာပြီ"

"အင်း . . . မင်း အဲဒီလိုစိတ်တွေဝင်လာအောင် အန်ကယ်





ဆုံးပေးရသလို ဖြစ်နေပြီ ညီဇရာ"

နောက်သလို ဇော်မိုးက ပြောလိုက်သော်လည်း ညီဇ တစ်ယောက် မရယ်နိုင်ချေ။ မချိပြုံးသာ ပြုံးလိုက်မိ၏။

ထိုစဉ် ဖုန်းမြည်လာသဖြင့် ညီဇ ဖုန်းဖွင့်ကိုင်လိုက်၏။ တစ်ဖက်မှ ဆက်လာသူက ရွှေနေ ဦးသော်ကောင်း။

"ညီဇ . . . ဖြစ်နိုင်ရင် အန်ကယ်ဆီ ခုချက်ချင်း လာခဲ့ပါ၊ အမွေ ကိစ္စအတွက် ပြောချင်လို့၊ ခုနကပဲ ခင်သန္တာဆိုတဲ့အမျိုးသမီး အန်ကယ့်ဆီ ရောက်လာတယ်၊ လာရင်းကိစ္စကတော့ သားအရင်းမဟုတ်တဲ့ မင်းကို အမွေ ခွဲတဲ့အခါ ဝေစုပေးရတာနည်းအောင် ဥပဒေအရ ဘယ်လိုလုပ်ရင်ရမလဲဆိုပြီး လာမေးတာ"

ဆောင့်တက်လာသော ဒေါသကြောင့် ညီဇမျက်နှာက ချက်ချင်း တင်းမာသွားသည်။

ချက်ချင်းပဲ ထိုင်နေရာမှ ထရပ်လိုက်ပြီး . . .

"ဟုတ်ကဲ့ . . . ကျွန်တော် ခုပဲ အန်ကယ့်ဆီ လာခဲ့ပါ့မယ်"

ဖုန်းချအပြီးမှာတော့ ခံပြင်းစွာဖြင့် ညီဇ တက်တစ်ချက် ခေါက် လိုက်မိလေသည်။

ထိုသို့ဖြင့် . . .

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒီမှာ ဒေါ်ခင်သန္တာ . . . ခင်ဗျားယောက်ျား ကျော်မင်းဆိုတဲ့သူကိုပါ ခေါ်လိုက်စမ်းပါ . . . သူ့ရှေ့မှာ ခင်ဗျားနဲ့ကျုပ် စာရင်းရှင်းချင်တယ်"

အိမ်ပေါ်ရောက်ရောက်ချင်း ညီဇော် ဒေါသတကြီးပြောလိုက်သံကြောင့် ကိုရီးယားဇာတ်လမ်းတွဲကြည့်နေသော ခင်သန္တာ တွန့်သွားရသည်။

ချက်ချင်းပင် တီဗွီကိုပိတ်ကာ မျက်နှာထားတင်းတင်းနှင့် . . .

"အောင်မာ . . . ဘာဖြစ်လို့ ငါ့ယောက်ျားကို ခေါ်ရမှာလဲ၊ အိမ်မှာလည်း မရှိဘူး၊ ပြောစရာရှိတာ ငါ့ကို တိုက်ရိုက်ပြောလို့ရတယ်"

ခပ်စွာစွာပြန်ပြောလာသော ခင်သန္တာကို ညီဇော မယုံသင်္ကာကြည့်လိုက်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ … ဒါဆိုလည်း ခင်ဗျားကိုပဲ ပြောတာပေါ့။ နေစမ်းပါဦး ဒေါ်ခင်သန္တာရဲ့ … ကျုပ် ခုပဲ ရှေ့နေဦးသော်ကောင်းဆီ ရောက်ခဲ့တယ်၊ ဘာလဲ … ခင်ဗျားက ဒယ်ဒီရဲ့အမွေတွေကို တစ်ယောက်တည်း အကုန်လိုချင်နေတာလား"

ခင်သန္တာမျက်နှာက သိသိသာသာ ပျက်ယွင်းသွားသည်။ သို့သော် ချက်ချင်းပင် ဟန်လုပ်ကာ မျက်နှာထားကို တင်းလိုက်ရင်း …

"ဒီမှာ ညီဇ … မင်းသိထားဖို့က ကျော်မင်းဆိုတာ ဦးကျော်ဇရဲ့ သားအရင်းပါ၊ အရင်တုန်းက ပေးသလောက်နဲ့ ရောင့်ရဲနိုင်ခဲ့ပေမယ့် ခုချိန်မှာတော့ တကယ်ရသင့်ရထိုက်တာကို ယူရမှာပဲ၊ အဲဒါ မှားသလား"

"မမှားပါဘူး၊ ရသင့်ရထိုက်တာကို ယူပါ၊ ကျုပ်က ဘာပြောနေလို့လဲ၊ ခုတော့ ခင်ဗျားက အမွေတွေ အားလုံးကို မျက်စောင်းထိုးနေလို့ ပြောရတာဗျ"

စကားအဆုံးမှာ ခင်သန္တာက တဟင်းဟင်း ရယ်သည်။ ပြီးမှ …

"သြော် … သြော် … ဒါကြောင့် မင်းက ပေါက်ကွဲနေတာလား ကွ … ဟင်း ဟင်း၊ ငါက စကားအဖြစ် မေးကြည့်ရုံလေးပါ၊ သားအရင်း မဟုတ်တဲ့ မင်းကို ဥပဒေအရ မပေးဘဲထားလို့ရတဲ့နည်းလမ်းလေးများ ရှိသလားလို့လေ"

"တောက်! … ခင်ဗျားဗျာ တော်တော် အလိုလောဘကြီးတာပဲ"

လက်သီးငေါက်ငေါက်ထိုးကာ ပြောလိုက်သော်လည်း ခင်သန္တာက အပြုံးပင်မပျက်ဘဲ …





"ဘာဖြစ်လဲကွ … လူဆိုတာကတော့ လောဘရှိမှာပဲလေ၊ ဘာထဲ … မင်းရမယ့်အမွေတစ်ဝက်ကို လက်လွှတ်ရမှာစိုးရိမ်နေတာလား၊ အေးလေ … မင်းက သားအရင်းမှမဟုတ်တာကိုး … စိုးရိမ်သင့်တာပေါ့"

"တော်တော့ ဒေါ်ခင်သန္တာ၊ ခင်ဗျားပါးစပ်ကို ပိတ်ထားလိုက်တော့၊ အမွေဆိုတာက စားသင့်စားထိုက်တာမှ စားရတာဗျ၊ အမှန်အတိုင်းပြောရရင် ကျုပ်ကလည်း အဲဒီလောက် မက်မနေပါဘူး၊ ခုလည်း ခင်ဗျား ရလေလိုလေ အိုတဏှာဖြစ်နေလို့ ပြောတာ၊ ဒီလောက်တောင် အမွေတွေအားလုံး လိုချင်နေရင်လည်း ဒေါ်ခင်သန္တာရယ် … ကျုပ်ကိုပါ လင်တော်လိုက်ပါလား"

စိတ်မထိန်းနိုင်တော့ဘဲ ညီဇ စွတ်ပြောချလိုက်သည်။ ထိုစကားက ခင်သန္တာ၏အရိုက်ကို ထိသွားသည်လားမသိ၊ ချက်ချင်းပင် မျက်နှာတစ်ခုလုံး ရဲရဲနီလျက် …

"ညီ … ညီဇ မင်း မမိုက်ရိုင်းနဲ့နော် … တောက်!"

"ရိုင်းတယ်ဗျာ … ဘာဖြစ်လဲ၊ ခင်ဗျားတောင်မှ လူဖြစ်ပြီး လူ့လို မတွေးတာ"

ညီဇကလည်း ချက်ချင်းပြန်ပက်လိုက်၏။ ရှက်စိတ်နှင့်ဒေါသကြောင့် ခင်သန္တာတစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်ကို မြင်လိုက်ရပြီး

"ကောင်းပြီလေ … နင့်ဘက်ကတောင် အဲဒီလို သဘောထားနေမှတော့ ငါကလည်း နင်ထင်သလို လုပ်ရတော့မှာပေါ့၊ စောင့်ကြည့်နေပါ ညီဇ"

ခင်သန္တာ၏မျက်နှာကို စေ့စေ့ကြည့်ရင်း ညီဇက [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ ...

"စောင့်ကြည့်မှာပါ ဒေါ်ခင်သန္တာ ... သွေးအေးအေးနဲ့ကို ကျုပ်စောင့်ကြည့်မှာပါ။ အေး ... ဒါပေမဲ့ ကျုပ် စိတ်ဆင်းရဲရသလို ခင်ဗျားလည်း စိတ်ဆင်းရဲရဖို့ရာကြုံလာရင် ခံနိုင်ရည်ရှိအောင်သာ ပြင်ဆင်ထားပါ ... ဒါပဲ"

ပြောပြီး ညီဖ ချာခနဲ လှည့်ထွက်လိုက်သည်။ နောက်ဘက်ဆီမှ ခင်သန္တာ၏တက်ခေါက်သံကိုလည်း ကြားလိုက်ရ၏။

ခင်းကပဲ တပြုံးကြီးဟုတွေးရင်း ညီဖ မဲ့ပြုံးသာ ပြုံးလိုက်မိလေသည်။

■



အခန်း (၁၀)

"ဟား ဟား ... ကောင်းလိုက်တာ ညီဖရာ၊ အဲဒီလို ပျစ်ပျစ်နှစ်နှစ်ပြောလိုက်မှ အဲဒီမိန်းမ မှတ်မှာကွ"

တဟားဟားရယ်ရင်း သဘောကျသလို ပြောလိုက်သော တိုးကျော်၏စကားအဆုံးမှာတော့ ညီဖက ပခုံးပြန်တွန့်လိုက်ရင်း ...

"သိပ်လည်း ထင်မနေနဲ့ ဟေ့ကောင်၊ မှတ်လား၊ မမှတ်လားတော့ မသိဘူး ခုတော့ အဲဒီမိန်းမ တစ်ရက်တစ်ရက် တခြားရှေ့နေတွေနဲ့ အမှုကိစ္စတွေ တိုင်ပင်လိုက်, အိမ်မှာဆိုရင်လည်း ငါ့ကို စောင်းမြောင်းပြောလိုက်ဆိုလိုက်နဲ့ကွာ၊ ငါ စိတ်ညစ်အောင် အမျိုးမျိုး ဖန်တီးနေတော့တာပဲ"

"ဒါနဲ့ အမှုကိစ္စက ဥပဒေအရဆိုရင် သူတို့ကို အကုန်ပေးရမယ့်သဘော သက်ရောက်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးဇော်အမေးကို ညီဇ ခေါင်းခါလိုက်သည်။

"မသက်ရောက်ပါဘူးကွာ၊ ငါ့ကို အန်ကယ်ဦးသော်ကောင်းက အဲဒီကိစ္စအတွက် စိတ်မပူဖို့ ပြောထားပြီးသား။ အဲဒီမိန်းမကသာ နားမလည်ဘဲ အရူးအနှမ်း လျှောက်လုပ်နေတာ၊ အဓိက,ကတော့ ငါ့ကို စိတ်ဆင်းရဲစေချင်တာပဲကွ"

"ဟ ... ဒါဆိုလည်း မင်းချည်းပဲ ခံမနေနဲ့ ပေါ့ကောင်၊ သူ့စိတ်ဆင်းရဲအောင် ပြန်လုပ်ပြီး နှိပ်ကွပ်လိုက်ပေါ့"

နဂိုထဲကမှ ခင်သန္တာအပေါ် မျက်မုန်းကျိုးနေသည့် ညီဇကို တိုးကျော်က ချူဆီထည့်ပေးလိုက်သည်။

ထိုစကားကြောင့် ညီဇ ခေါင်းထဲမှာလည်း အတွေးတချို့ ဝင်သွားရပြီး ...

"အေး ... အဲဒီအစီအစဉ်က ကောင်းသားပဲကွ၊ ဒါပေမဲ့ သူ့စိတ်ဆင်းရဲအောင် လုပ်ဖို့ဆိုတာက သူ့ရဲ့အားနည်းချက်ကို သိမှဖြစ်မှာဒီတော့ ..."

စကားကို ဖြတ်ထားလိုက်ပြီးမှ ညီဇက ဆင်ကြဲကြဲနေသော မြန်မာစာတ်ရှင်ကားများထဲမှ လူကြမ်း၏ရယ်သံမျိုးနှင့် ရယ်လိုက်သေးသည်ပြီး မေးစေ့ကို လက်နှင့်ပွတ်ကာ ပွတ်ကာ လုပ်လျက် ...

"ကဲ ဒေါ်ခင်သန္တာရေ ... ဒီနေ့ကစပြီး ခင်ဗျားကြီးကို ကျုပ် ထိတာထက်ပိုပြီး စောင့်ကြည့်ရတော့မှာပဲ ... ဟင်း ဟင်း"



BURMESE CLASSIC .com

## အခန်း (၁၁)

"ကဲ ... ဒေါ်သန္တာရေ ဒီနေ့ကစပြီး ခင်ဗျားကြီးကို ကျုပ် လိုတာထက်ပိုပြီး စောင့်ကြည့်ရတော့မှာပဲ ... ဟင်း ဟင်း"

ထိုသို့ အတိအလင်းဆိုခဲ့ပါသည်။ ထိုအတွေးကို ခေါင်းထဲထည့်ပြီး ခင်သန္တာ၏ခြေလှမ်းများကိုလည်း စောင့်ကြည့်ပါ၏။ သို့သော်လည်း တစ်ပတ်ကျော်အထိ ထူးထူးခြားခြားမတွေ့ရ။

ခင်သန္တာသည် သူ့ယောကျ်ားကျော်မင်း၏ ဝေယျာဝစ္စကို လုပ်ပေးသည်က ညီဇ စိတ်အနှောင့်အယှက်ဖြစ်ရန်ကိုပဲ ခေါင်းထဲ၌ ဦးထိပ်ထားပုံရသည်။ သွားတာ လာတာ၊ နေတာ ထိုင်တာ၊ စားတာ သောက်တာကအစ ကောင်းမြောင်းပြောဆိုမှုနှင့် မလွတ်။

ဒါသည်ပင်မကဘဲ တစ်ရက်တစ်ရက် ရှေ့နေတွေကို အိမ်သို့ပင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး အံ့မှပေါ့တ် သူကိုယ်တိုင် သွားတွေ့ရန်နှင့် တစ်ယောက်တည်း အားသယ်နိုင်အောင်ဖြစ်နေသည်။ သနားဖို့ပင် ကောင်းလှသေးတော့၏။

ထိုသို့ တောင့်နေရင်းကပင် တစ်ရက်တော့ . . .

ညီဇ မနက်စောစော အိမ်ကထွက်လာပြီးမှ သူငယ်ချင်းတွေနှင့်လည်း တွေ့လိုစိတ်မရှိသဖြင့် ဆိုင်တစ်ဆိုင်မှာ မနက်စာစားကာ အိမ်သို့ ပြန်လာဖြစ်သည်။

ခြံထဲသို့ ကားမောင်းဝင်လိုက်စဉ်မှာပဲ ညီဇ မျက်ခုံးပင့်လိုက်မိ၏။ အိမ်ရှေ့မှာ ကားတစ်စီး ရပ်ထားလျက်သားရှိနေ၍ ဖြစ်သည်။

အင်း . . . ထုံးစံအတိုင်း ခင်သန္တာပင့်ထားတဲ့ ရှေ့နေတစ်ယောက်ယောက်ရဲ့ကားပဲ ဖြစ်မှာပေါ့ဟု ခပ်ပေါ့ပေါ့တွေးကာ ညီဇ ကားပေါ်မှဆင်းပြီး အိမ်သို့လျှောက်လာခဲ့၏။

အိမ်ရှေ့တံခါးနားသို့ရောက်စဉ်မှာပဲ အိမ်ထဲမှ ကြားလိုက်ရသော စကားသံတွေကြောင့် မျက်မှောင်ကြုတ်ရင်း ခြေလှမ်းပါရပ်မိသွား၏။

''ဝဏ္ဏ . . . ညီမလေးရှုပါ အဲဒီအခန်းမှာနေရတာ အဆင်ပြေပါတယ်နော်''

''ပြေပါတယ် မမသန္တာရယ်၊ ကျွန်တော်လည်း သူလိုအပ်တာတွေကို လိုက်လုပ်ပေးနေတာပဲဥစ္စာ၊ ဒါပေမဲ့ . . . မမသန္တာရဲ့ညီမက ကျွန်တော် ခဏခဏလာတာကို သိပ်ကြိုက်ပုံမရဘူး''

စကားသံအဆုံးမှာတော့ ခင်သန္တာက တဟင်းဟင်း ရယ်လိုက်သည်။ သဘောကျသော ရယ်သံမျိုးဖြစ်၏။ ညီမလေး ရှုပါဆိုသော အသံ





ကြောင့် ညီဇ ဆက်ကာ နားစွင့်လိုက်မိ၏။

''ရှုပ်ကို နားလည်ပေးလိုက်ပါ ဝဏ္ဏရယ်၊ သူ့ပုံစံကိုက အဲဒီလိုကြောင့်ပါ၊ အင်း . . . ငါ့မှာလည်း ရှားရှားပါးပါး ဒီညီမတစ်ယောက်ရှိတာမို့ ဒီမှာလာနေလို့ ပြောတာကိုလည်း လက်မခံဘူး။ သူများအိမ်မို့လို့တဲ့လေ၊ ကာယ်ဆို ခုချိန်မှာ ဒီအိမ်ကလည်း ငါတို့လင်မယား တစ်ဝက်ဆိုင်နေသေးတာပဲဥစ္စာ၊ ဘာမျက်နှာငယ်စရာရှိလို့လဲ၊ ဒါပေမဲ့ မနေတာလည်း ကောင်းပါတယ်၊ လာနေရင် . . . ဟို ညီဇဆိုတဲ့ ထောင့်မကျိုးတဲ့ကောင်နဲ့ ဆုံနေဦးမှာ''

ဩော် . . . ဒီလိုကိုးဟု တွေးကာ ညီဇ ကျိတ်ပြုံးလိုက်မိသည်။ ကြားလိုက်ရသော စကားတွေအရ ခင်သန္တာတွင် ခင်ရှုပါဆိုသော ညီမအရင်းတစ်ယောက်ရှိပြီး ဒီအိမ်မှာ လာမနေချင်သော ထိုညီမအား တိုက်ခန်းတစ်ခန်းမှာ လိုလေသေးမရှိအောင် ထားသည်ဟူ၍ သိလိုက်ခြင်းဖြစ်သည်။

ခု . . . လာသတင်းပို့သော ဝဏ္ဏဆိုသည့် ကောင်ကလည်း စကားသွားအလာအရ ခင်ရှုပါအား ကျိတ်၍ပိုးပန်းနေသူဟု ညီဇ ရိပ်မိလိုက်၏။

ခုလည်း ခင်သန္တာသည် သူ့ညီမ နေထိုင်ရတာ အဆင်မပြေဖြစ်သည်ကို စိုးရိမ်ပူပန်စွာ ပြောဆိုပြီးနောက် ဝဏ္ဏဆိုသည့် ကောင်အား . . .

''ဝဏ္ဏ . . . ခဏနော်၊ ဒီကပြန်ရင် ရှုပ်ဆီကို ပိုက်ဆံဝင်ပေးပေးပါ ဒါ သွားယူလိုက်မယ်''

ခင်သန္တာ အိမ်ထဲဝင်သွားသည်နှင့် ညီဇ ခေါင်းထဲ လက်ခနဲပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကားရှိရာသို့ အသာပြန်သွားကာ ကားကို ခြံအပြင်သို့ မြန်မြန်မောင်းထွက်လိုက်၏။

စက်သံညက်သော ညီဇော်ကားသံကိုတော့ အိမ်ထဲက ကြားရမည် မဟုတ်။

ပြီး . . . ဝဏ္ဏ၏ကား ခြံထဲမှထွက်အလာကို လေချွန်၍ စောင့်နေလိုက်သည်။

သိပ်မကြာလိုက်ချေ။ ခြံထဲမှ မောင်းထွက်လာသော ဝဏ္ဏ၏ကား ဆောနားမှ ဖြတ်ကျော်သွားလျှင်ပဲ ညီဇော က ကားစက်ကိုနှိုးလိုက်၏။

အတန်ကြာသည့်အချိန်မှာတော့ ညီဇော်သည် ဝဏ္ဏ၏ကားနောက်မှ မသိမသာ ကပ်မောင်းကာ လိုက်ပါသွားရင်း တစ်စုံတစ်ခုကို သိရှိရန်အတွက် အသင့်ဖြစ်နေလေ၏။

ထိုတစ်စုံတစ်ခုကတော့ . . .

■



အခန်း (၁၂)

"အဲဒီကောင်ရဲ့ကား တိုက်ခန်းတစ်ခုရှေ့မှာ ရပ်လိုက်တော့ ငါ ...ည်း ခပ်လှမ်းလှမ်းက ကြည့်နေလိုက်တာပေါ့ကွာ၊ အဲဒီကောင် ကားပေါ် ...ဆင်းလာပြီး ဖုန်းအရင်ဆက်တာကွ၊ သိပ်မကြာလိုက်ဘူး . . . အဲဒီတိုက် ...ပေါ်က ကောင်မလေးတစ်ယောက် ဆင်းလာတယ်၊ ပြောရင် မင်းတို့ယုံမှာ ...ဟုတ်ဘူး ဟော့ကောင် . . . အဲဒီကောင်မလေးကိုကြည့်ပြီး ငါ ငုတ်တုတ်မေ့ ...အော တကယ်ပဲကွ"

မနေ့က ကြုံခဲ့သည့်အဖြစ်ပျက်ကို ညီဇော ပြန်ပြောပြနေခြင်းဖြစ် ...ည်။ စကားအဆုံးမှာပဲ တိုးကျော်က . . .

"ဒါဆို . . . အဲဒီကောင်မလေးက ခင်သန္တာရဲ့ညီမပေါ့ . . . ဟုတ်

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီဇ မျက်နှာက ခပ်မှုန်မှုန်ဖြစ်သွားသည်။ ခေါင်းကိုလည်း မသက်သော ညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ်ကွ၊ အဲဒါကြောင့်ပဲ ငါ စိတ်ရှုပ်သွားတာ"

"ဟင် ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ အဲဒီကောင်မလေးကိုသာ ဟိုခင်သန္တာရဲ့ညီမအစစ်ဟုတ်တဲ တစ်နေ့ရာမှာတွေ့လိုက်ရရင် ငါ တကယ်ကို လိုက်ကြိုက်မိမှာဲ"

"ဩော် ... အဲဒီလောက်တောင် လန်းတယ်ပေါ့ ... ဟုတ်လားညီဇ"

ညီဇ ခေါင်းကို ထပ်ညိတ်လိုက်ရင်း ...

"အဲဒီထက်တောင် ပိုသေးတယ်၊ ဒါပေမဲ့ကွာ ... ငါ့စိတ်ထဲမှာ ခင်သန္တာရဲ့ညီမလို့ သိလိုက်ရတာနဲ့ပဲ ဒင်းလည်း သူ့အစ်မလို ဒီပုတ်ထဲကဒီပဲ့ပဲဖြစ်မှာလို့ တွေးလိုက်မိတာ"

"ဟုတ်ပါ့မလားကွာ၊ တချို့ ညီအစ်မတွေက စိတ်ဓာတ်ချင်း တူကြတာမျိုး မဟုတ်ဘူးလေ"

"ဟာကွာ ... ဘာပဲဖြစ်ဖြစ် များသောအားဖြင့်တော့ တူပါတယ်၊ အဲဒါကြောင့် ငါ့စိတ်ထဲမှာလည်း ခင်ရွှေပါကို ငွေမက်မယ့်မိန်းမလို့ပဲ မြင်တယ်"

"အဲဒီတော့"

ဇော်မိုးက စကားထောက်လိုက်သဖြင့် ညီဇက ...





"အဲဒီတော့ ဘာဖြစ်ရမှာလဲ ... စိတ်ဝင်စားမှုရချိန် လျော့သွားတာပေါ့ကွ၊ ပြီးတော့ ... သူက ငါ ဘယ်လိုမှကြည့်မရတဲ့ ခင်သန္တာရဲ့ညီမအရင်းလေ၊ အင်း ... ခင်သန္တာဆိုတဲ့ မိန်းမကလည်း သူ့ညီမကို အတော်ချစ်တာကွ၊ အဲဒီမှာပဲ ငါ ခေါင်းထဲကို အတွေးတစ်ခုက ဝင်လာတယ်"

"ဟေ ... ဘာများလဲ"

ညီဇက နှစ်ကောင်စလုံးကို ရှုတင်းတင်းကြည့်လိုက်ပြီးမှ ...

"မင်းတို့ပဲ ပြောခဲ့တာလေ ... ငါ့ကို နှိပ်ကွပ်နေတဲ့ ခင်သန္တာကို စိတ်ဆင်းရဲအောင် ပြန်လုပ်ဆို"

"ဟုတ်ပါတယ် ... အဲဒါနဲ့ ခုပြောနေတဲ့ကိစ္စက ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့ကွာ၊ ခင်သန္တာက သူ့ညီမကို သိပ်ချစ်တယ်လေ၊ အဲဒါ အားနည်းချက်ပဲ၊ ငါကသာ ခင်ရွှေပါဆိုတဲ့ သူ့ညီမကို လိုသလို ကြိုးဆွဲလို့ရရင် ခင်သန္တာစိတ်ဆင်းရဲအောင်လုပ်ဖို့ အလွယ်လေးပဲပေါ့ကွ"

"ဟာကွာ ... မင်းအကြံအစည်ကလည်း ဟိုတစ်ယောက်ကမြင့်မင်းတို့အရှုပ်အရှင်းတွေကို ဘာမှမသိတာလေ၊ ကောင်းပါ့မလားကွ"

"ဩော် ... မသိတော့ ပိုကောင်းတာပေါ့ကွ၊ တစ်ချိန်ကျမှ ခင်ရွှေပါကြောင့် ခံစားရမှန်း ခင်သန္တာသိရင် ဘယ်လောက်တောင် ဆွေ့ဆွေ့ခုန်သွားမလဲဆိုတာ မင်းတို့ စဉ်းစားကြည့်စမ်းပါ၊ ပြီးတော့ ... လောလောဆယ်ညည်းစားလစ်ဟာင်းနေတဲ့ ငါ့အတွက် ခင်ရွှေပါဆိုတာက သွေးပူလေ့ကျင့်ခန်းလေး ဖြစ်လာနိုင်တယ်"

စကားအဆုံးမှာ တိုးကျော်နှင့်ဇော်မိုးတို့ တစ်ယောက်မျက်နှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်လိုက်မိကြသည်။ ပြီး နှစ်ယောက်စလုံး စိတ်မသက်မသာဟန် ဖြင့် ပြုံးကာ သက်ပြင်းချလိုက်ကြ၏။

ညီဖေမုံကတော့ အတော်ပင် တက်ကြွနေဟန်ရှိသည်။ ခုလည်း ဘယ်လိုမှ တားလို့ရမည်မဟုတ်ဟု သဘောပေါက်လိုက်ကြသဖြင့် . . .

"ဒါဆို မင်းဆိုလိုချင်တာက ခင်ရှုပါဆိုတဲ့ကောင်မလေးကို ချဉ်း ကပ်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့ . . . ဟုတ်လား"

စကားအဆုံးမှာ ညီဖေက အားရပါးရ ပြုံးလိုက်ပြီး . . .

"သိပ်သေချာတာပေါ့ကွာ၊ ကဲ . . . ပြောနေရင် ကြာပါတယ် ခုပဲ ဝယ်စရာရှိတာကို သွားဝယ်လိုက်ဦးမယ်ကွ"

ရုတ်တရက် ထရပ်လိုက်သဖြင့် နှစ်ယောက်စလုံး ကြောင်သွားကြ သည်။ ပြီး . . . ဇော်မိုးက အရင်လှမ်းမေးလိုက်၏။

"ဟင် . . . ဘယ်ကိုလဲကွ၊ ဘာသွားဝယ်မှာလဲ"

ညီဖေက သူ့လက်တစ်ဖက်ကို 'မ'ပြလိုက်ရင်း . . .

"နာရီလေ၊ ငါ့လက်မှာ ပတ်ဖို့ နာရီအသစ်တစ်လုံးပေါ့ကွ၊ ဒီကိစ္စ ဟာ ကစားပွဲဆန်နေပေမယ့်လည်း ငါ့ရဲ့မူအရ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တော့မယ်ဆိုရင် ထုံးစံအတိုင်း နာရီအသစ်တစ်လုံးက လိုပြီလေ အဲဒါကြောင့် ခုပဲ သွားဝယ်ထားမလို့"

ထိုစကားကြောင့် တိုးကျော် အနည်းငယ် အမြင်ကတ်သွားရသည် ထို့ကြောင့် ချက်ချင်းပဲ နာခေါင်းရှုံ့ကာ ပြန်ပြောလိုက်၏။

"အေး . . . သွားဝယ်ပေါ့ကွာ၊ ဒီတစ်ခါက ခါတိုင်းလို မဟုတ်တော့





မှတ်မှတ်ရရဖြစ်အောင် နာရီအကောင်းစားသာ ဝယ်လိုက်ပေ့"

ရွဲ့ပြောလိုက်သည်ကိုပင် ညီဖေက လိုလိုလားလား ပြောသည်ဟု ယူဆလိုက်လေသလား မသိ။ ခေါင်းတဆတ်ဆတ်ပင် ညိတ်လိုက်ပြီး . . .

"အေး . . . ကောင်းသားပဲကွ၊ အရင်းအနှီးဆိုတာ ကြီးကြီးပေးထား မှ အကျိုးအမြတ်က များများရမှာလေ၊ စိတ်ချ . . . ဒီတစ်ခါ ငါဝယ်မယ့် နာရီက ငါပတ်ဖူးခဲ့သမျှထဲမှာ တန်ဖိုးအကြီးဆုံး ဖြစ်စေရမယ်"

ညီဖေစကားအဆုံးမှာ ဇော်မိုးက တဟားဟားရယ်ရင်း . . .

"အေးပါ . . . ငါတို့လည်း စောင့်ကြည့်ရသေးတာပေါ့ ညီဖေရယ်"

ထိုစကားကို ညီဖေ ပြန်၍ချေပမနေတော့။ လှည့်ထွက်လာခဲ့ရင်း ခေါင်းထဲမှာ စဉ်းစားနေမိသည်က နောက်နေ့တွေမှာ ခင်ရှုပါနှင့် ပတ်သက် လာမည့် သွေးပူလေ့ကျင့်ခန်းအစီအစဉ်များပင် ဖြစ်လေသည်။

သို့သော်လည်း . . .

ကံကြမ္မာဆိုတာက တစ်ဖက်တည်းကိုပဲ မျက်နှာသာပေးလေ့မရှိ ကြောင်း ထိုအချိန်က ညီဖေ ကြို၍မစဉ်းစားမိခဲ့ပါချေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မနက်စာစားရန် တစ်ယောက်တည်း ပြင်ဆင်နေချိန်မှာပဲ တိုက်ခန်းရှေ့ ဝရန်တာဆီမှ ခေါင်းလောင်းမြည်သံကို ရှုပါ ကြားလိုက်ရသည်။ နေ့စဉ်လာပို့နေကျ နွားနို့ရောက်ပြီဟုတွေးကာ ခပ်သွက်သွက် ထွက်ကြည့်လိုက်သည်။

သို့သော် . . .

နှစ်လွှာတိုက်ခန်းထက်ဆီမှ ငုံ့ကြည့်လိုက်တော့ ခါတိုင်းလိုပဲ ခေါင်းလောင်းကြိုးတွင် အသင့်ချိတ်ဆွဲကာ ရှိနေမည့် နွားနို့ထုပ်လေးကို မတွေ့ရချေ။ ရှုပါ မျက်မှောင်ကြုတ်မိသွားချေ၏။ အဘယ်ကြောင့်ဆိုသော် သူမတိုက်ခန်းဆီသို့ သွယ်တန်းထားသောကြိုး၌ ဘာထည့်ထားမှန်း မသိသောပါဆယ်ထုပ်ကလေးတစ်ထုပ်က ချိတ်ဆွဲလျက်သား ရှိနေ၍ပင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန့်သင့်များ မှားချိတ်သွားသလားဟု ရူပါ တွေးမိသေးသည်။ ဖြစ်မှ ဖြစ်နိုင်ဟု တွေးကာ ကြိုးကိုဆွဲယူ၍ ကြည့်လိုက်၏။

ပါဆယ်ထုပ်ကတော့ ခပ်သေးသေးပင်။ စီးကရက်ဘူး သုံးဘူးစာ လောက်ပဲ ရှိမည်။ အလှကပ်သော ပလတ်စတစ်နှင့် သေသေချာချာ ထုပ်ပိုး ထားပြီး ထိုဘူးပေါ်တွင် ခင်ရူပါဟူ၍ပင် စာရေးကာ တိပ်နှင့် ကပ်ထားသေး သည်။

ထူးထူးဆန်းဆန်းနာမည်တပ်ကာ ရောက်လာသော ပါဆယ်ထုပ် ကြောင့် ရူပါ အတော်ခေါင်းစားသွားရ၏။

ဒီနေ့သည် မိမိ၏မွေးနေ့လည်းမဟုတ်။ ထို့ကြောင့် သူငယ်ချင်း တစ်ယောက်ယောက်က မွေးနေ့လက်ဆောင်ကို အံ့ဩသင့်အောင်ဆိုပြီး ခုလို ပို့လိုက်တာလည်း မဖြစ်နိုင်ချေ။

သို့နှင့် နွားနို့ကိစ္စကိုပင် မေ့သွားရပြီး မိန်းကလေးပီပီ စပ်စုလိုစိတ် ဖြင့် ထိုပါဆယ်ထုပ်ကို ဖြည်ဖောက်ကြည့်လိုက်၏။

"ဟင်"

ရူပါ အံ့ဩသွားရ၏။ ဘူးထဲမှာ တွေ့လိုက်ရသည်က အနီရဲရဲနှင်း နှင်းဆီပန်းတစ်ပွင့်ပင် ဖြစ်လေသည်။

ခုလို မနက်စောစော သူမ နှစ်သက်သော နှင်းဆီပန်းကို နာမည် တပ်ပြီး ဘယ်သူပို့လိုက်တာလဲ?

ဘာသဘောလဲ?

ထိုသို့စဉ်းစားနေချိန်မှာပဲ သူမ၏ဘောင်းဘီအိတ်ကပ်ထဲမှ ဟန်းဖုန်း





က အသံပေးလာသည်။ ဖုန်းဝင်လာသည့် အသံတော့မဟုတ်။ မက်ဆေ့ချ် ဝင်လာသည့် ရိုန်းတုန်းသံ ဖြစ်သည်။

ရူပါက ဖုန်းဖွင့်ကာ ပို့လာသော မက်ဆေ့ချ်ကို ထပ်ကြည့်လိုက် ၏။

"ဟင်"

အံ့ဩရပြန်သည်။ မက်ဆေ့ချ်က ဘာမှပင်မရေးမထားသော ဗလာ မက်ဆေ့ချ်ဖြစ်နေသောကြောင့် ဖြစ်လေ၏။ ပြီး ပို့လိုက်သော မက်ဆေ့ချ် ပိုင်ရှင်၏ဖုန်းနံပါတ်ကလည်း သူမ၏အသိထဲက မဟုတ်ချေ။ ရင်းနှီးမှုမရှိ သောနံပါတ်ဖြစ်သည်။

ဘာပဲပြောပြော မနက်စောစောမှာပဲ ရူပါ စိတ်ရှုပ်သွားရ၏။ နာမည် တပ်၍ရောက်လာသော နှင်းဆီပန်းနှင့် ဗလာမက်ဆေ့ချ်က ဆက်စပ်မှုရှိနေ သလား သူမ မသိချေ။

ရုတ်တရက် စိတ်ကူးတစ်ခုရကာ မက်ဆေ့ချ်ပို့လာသော နံပါတ်ဆီ သို့ မက်ဆေ့ချ်တစ်စောင် ပြန်ရိုက်ကာ ပို့ပစ်လိုက်သည်။

"ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ဘာမှရေးမထားတဲ့ ဗလာမက်ဆေ့ချ် ပို့လိုက်တာလဲ"

ပို့ပြီး ခဏအကြာမှာပဲ မက်ဆေ့ချ်တစ်စောင်က ပြန်ဝင်လာပါ သည်။ ဒီတစ်ခါတော့ ဘာမှရေးမထားသည့် ဗလာမက်ဆေ့ချ်မဟုတ်။ ပို့ လာသော မက်ဆေ့ချ်ကို ရူပါ ဖတ်လိုက်၏။

"ကိုယ် ဘာရေးရမှန်းမသိလို့ပါ၊ အဲဒါကြောင့် ကိုယ့်ရဲ့နှင်းဆီပန်း



www.burmeseclassic.com

www.burmeseclassic.com



တလေးတော Good morning လို့ နှုတ်ဆက်ပါလိမ့်မယ်''

ဘာလဲဟာဟု တွေးရင်း ရှုပါ ရယ်ချင်သွားသည်။ ပြီး ... မက်ဆေ့ချ်တစ်စောင်ကိုသည်း ပြန်ရိုက်ပို့လိုက်ချေ၏ ရိုးရိုးရှင်းရှင်းပဲ ဖြစ်သည်။

''ရှင် ... အရှုးပဲ''

ဟူ၍။



# အခန်း (၁၄)

နေ့လယ်ပိုင်း သင်တန်းကိုရောက်တော့ မနက်က နှင်းဆီပန်းနှင့် ဆေ့ချ်ကိစ္စကို ရှုပါ မေ့မေ့ပျောက်ပျောက် ဖြစ်သွား၏။ အသိတစ်ယောက်ယောက် အားအားယားယား နောက်တာပဲဖြစ်မှာပါလေဆိုပြီး ခပ်ပေါ့ပေါ့ ... ိုက်မိ၍ဖြစ်သည်။

တစ်နည်းအားဖြင့် အကောင်းဘက်က တွေးကြည့်သေးသည်။ ... ို ပိုးပန်းနေသော ဝတ္ထုများ လုပ်တာလား။ မဖြစ်နိုင်ချေ၊ ဝတ္ထုဆိုသည် ... ာ ထိုသို့ နနရှုရှုလုပ်ရန် စဉ်းစားတတ်မည့်ကောင် မဟုတ်။ ခပ်တုံး ... ဖြစ်သည်။

အထက်က ဆိုခဲ့သလို မေ့မေ့ပျောက်ပျောက်ထားခဲ့သော်လည်း ... နှစ်ချိန်အပြီးမှာပဲ မက်ဆေ့ချ်ဝင်သံ မြည်လာပြန်၍ ဖုန်းဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အကြည့် . . .

''ဟင်''

မနက်က စလျှင်တော့ တတိယမို့ 'ဟင်' ရခြင်းဖြစ်သည်။ နံပါတ်တလည်း မနက်ကပို့သော နံပါတ်ပင် ဖြစ်၏။

ပို့လာသည့်စာတွေကတော့ . . .

''ဟုတ်တယ် . . . မင်းထင်သလို ကိုယ်ရူးနေတယ်၊ ခုမှမဟုတ်ဘူး မင်းကို စတွေ့ကတည်းက ကိုယ့်နှလုံးသားဟာ သွက်သွက်ခါသွားခဲ့တာပါ''

ဒီတစ်ခါ စာဖတ်အပြီးမှာတော့ ရှုပါ စဉ်းစားရတော့သည်။ ဒီအတိုင်းဆိုလျှင် မက်ဆေ့ချ်တွေက တစ်ယောက်ယောက်နောက်ပြီး ပို့နေတာ မဖြစ်နိုင်တော့။ မိမိကိုသိသော တစ်ယောက်ယောက်က သေသေချာချာ လုပ်နေခြင်းပဲ ဖြစ်မည်။

ထို့ကြောင့် ချက်ချင်းပဲ မက်ဆေ့ချ်တစ်စောင် ပြန်ပို့လိုက်၏။

''ရှင် ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး၊ ဒါပေမဲ့ . . . ခုလို မက်ဆေ့ချ်တွေပို့ပြီး နှောင့်ယှက်နေတဲ့အလုပ်ကို ရပ်တန်းက ရပ်လိုက်ပါ''

သို့သော် သိပ်မကြာပါချေ၊ မက်ဆေ့ချ်တစ်စောင်က အချိန်ကိုက် ပြန်ဝင်လာပါသည်။

''မင်းကို ကိုယ် နှောင့်ယှက်နေတာ မဟုတ်ပါဘူး၊ ခုလို မက်ဆေ့ချ်တွေ ပို့ဖြစ်အောင် မင်းကပဲ ကိုယ့်နှလုံးသားကို အရင်နှောင့်ယှက်ခဲ့တာလေ''

ရိသဲ့သဲ့စာသားတွေကြောင့် ရှုပါ စိတ်တိုလာရတော့သည်။ ပြန်မပို့ဘဲ ဒီအတိုင်း ငြိမ်နေလျှင်လည်း ဘာတွေဆက်ပို့လာဦးမည် မသိ။





ထို့ကြောင့် မနည်းအောင့်အီးသည်းခံကာ ပြန်ပို့လိုက်ရသည်။ စိတ်ထဲမှာတော့ ဒီတစ်ခါ နောက်ဆုံးပဲဟု သတ်မှတ်လျက် . . .။

''ရှင့်ကို ကျွန်မ မသိတဲ့အတွက် နောက်ထပ် ဒီလိုအလုပ်တွေ မလုပ်ပါနဲ့တော့''

ဒီတစ်ခါတော့ အတန်ကြာစောင့်ကြည့်သော်လည်း ဘာမက်ဆေ့ချ်မှ ထပ်ပို့မလာတော့။ ကောင်းပါသည်။ ကိစ္စပြတ်ပြီဟု တွေးကာ စိတ်လက်ပေါ့ပါးသွားရ၏။

ညနေသင်တန်းဆင်းချိန်ရောက်တော့ မပျက်မကွက် လာကြိုသော ကားနှင့် အိမ်ပြန်ရပြန်သည်။ လမ်းမှာ ဝဏ္ဏ၏အနှောင့်အသွားမလွတ်သော စကားတွေကိုလည်း မမ မှာထားသဖြင့် အောင့်အီးသည်းခံကာ ဆောင်ရသေး၏။

အခန်းပြန်ရောက်တော့လည်း ရေမိုးချိုး၊ စားသောက်၊ အခွေကြည့် အိပ်။ ဒါဆိုလျှင် ရှုပါ၏တစ်နေ့တာ ပြီးဆုံးပြီ။ တစ်ရက်တစ်ရက် ထွေထွေထူးထူး လှုပ်ရှားစရာမှ မရှိ၊ ညဘက် အိမ်ရာပေါ်လှဲရင်း မနက်က မက်ဆေ့ချ် နှင့်ဆိုင်သော နံပါတ်ဆီပန်းကိစ္စကို ပြန်တွေးကာ ပြုံးမိသေးသည်။

မနက်ကျပြန်တော့လည်း စက်ရုပ်ဆန်ဆန် အိပ်ရာက ထ,ကာ နေ့တာ၏လှုပ်ရှားမှုကို စတင်ရပြန်သည်။

ခါတိုင်းလို မနက်စာ စားနေချိန်မှာပဲ မက်ဆေ့ချ်ဝင်သံ မြည်လာ၍ ဖုန်းထုတ်ကာ ဖွင့်အကြည့် . . .

''ရှုပါ . . . ကိုယ် ဘယ်သူလဲဆိုတာ သိဖို့လိုပြီထင်ပါတယ်၊ ကိုယ်

www.burmeseclassic.com

နဲ့ စကားပြောဖို့ ဆန္ဒရှိရင် ဝရန်တာကို ခဏထွက်ခဲ့ပါလား။ ကိုယ် တိုက်ခန်း အောက်မှာ ရှိနေတယ်''

''တင်''

ဘာရယ်မဟုတ်ဘဲ ရှုပါ ထွက်ကြည့်လိုက်မိသည်။ ဝရန်တာမှ ငုံ့ကြည့်လိုက်တော့ ကားကိုမှီကာ ရပ်နေသောလူက လက်လှမ်းပြသည်။ ရှုပါ ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိ။ ပုံစံကတော့ ခေတ်မီသန့်ပြန့်သော ပုံစံ ဖြစ်သည်။

ထိုသို့ ကြောင်ကြည့်နေစဉ်မှာပဲ ရှုပါ၏ဖုန်းမှ အသံမြည်လာလေသည်။ နံပါတ်ကလည်း မက်ဆေ့ချ်တွေ ပို့နေသော နံပါတ်။

လောလောဆယ် ရှုပါအတွက် လုပ်စရာတစ်ခုပဲ ရှိပါတော့သည်။ ထို့ကြောင့် မျက်နှာလေးကို မဲ့လိုက်ရင်း ...

''ဟဲလို''

■



## အခန်း (၁၅)

''ဒါနဲ့ပဲ မင်းနဲ့ရှုပါနဲ့က မိတ်ဆွေတွေဖြစ်သွားကြတာပေါ့ ... ဟုတ် သား''

ဘီယာခွက်ကို 'မ'ရင်း တိုးကျော်က မေးလိုက်ခြင်းဖြစ်သည်။ ညီ က ပခုံးအသာတွန့်ကာ ခေါင်းခါပြလိုက်ရင်း ...

''ဘယ်ကလာကွာ ... အဲဒီလောက် လွယ်ပါ့မလား။ အချိန်တော့ အေးရသေးတာပေါ့''

ညီ၏စကားသံအဆုံးမှာ ဇော်မိုးကလည်း တဟင်းဟင်းရယ်လျက်

''ဟုတ်မှာပါ၊ အဲဒီလောက် လွယ်ရင်လည်း ညီ၏လက်ချက်ကြောင့် မီးချိုန် ကောင်မလေး ဒူးနဲ့မျက်ရည်''

''ဟော့ကောင် ... ဟော့ကောင် တော်၊ မဖိုက်ရိုင်းနဲ့၊ ဒီကောင်တော့ ပြော



www.burmeseclassic.com

ငါ့ဘက်က မှန်းသားပေမယ့် ညစ်ညမ်းတာတွေတော့ မပါဘူး''

''အေးပါကွာ၊ ငါကလည်း စတာပါ၊ ကဲ . . . ဆက်ပါဦး၊ မင်းနဲ့ ရူပါ မိတ်ဆွေတွေဖြစ်သွားကြပြီဆိုတော့ ရှေ့ဆက်ပြီး ဘာထူးသေးလဲ''

ညီဇ လက်အသာကာပြလိုက်သည်။ ပြီး . . .

''ခဏလေး . . . လာမယ်လေကွာ၊ ခုဆိုရင် ရူပါနဲ့ငါ မိတ်ဆွေတွေ ဖြစ်သွားကြပြီဆိုတာ မှန်တယ်၊ အဲဒီကာလမှာလည်း ငါ့ဘက်က သူ့အပေါ် စိတ်ဝင်စားတဲ့အမူအရာတွေ ပြထားတယ်၊ ခုလိုချဉ်းကပ်လာတဲ့ ငါ့အပေါ် ရူပါကလည်း မိန်းကလေးပီပီ ရိပ်မိတယ်ကွ၊ ဒါပေမဲ့ . . .''

''ဒါပေမဲ့ ဘာဖြစ်လို့လဲ''

တိုးကျော်အမေးကြောင့် ညီဇာ မျက်နှာကို မသိမသာမဲ့လိုက်ရင်း

''မင်းတို့ကို ငါ ပြောဖူးပါတယ်၊ ခင်သန္တာရဲ့ညီမဟာ ခင်သန္တာရဲ့ စိတ်ဓာတ်ရှိမှာပဲဆိုတာကိုလေ၊ ခု ရူပါကလည်း ငါနဲ့ ခင်ပြီး သိပ်မကြာဘူး ငါ့အကြောင်းတွေကို မေးတော့တာပဲ''

''အဲဒီတော့ မင်းက''

''အဟဲ . . . ငါလည်း ဇာတ်ဖဲ့တစ်ချပ်တော့ ထားရတာပေါ့ကွ၊ ခု သူသိထားတဲ့ ငါ့နာမည်က ခန့်မင်းထက်၊ မိဘတွေ ချမ်းသာတယ်၊ သိပ် မကြာသေးခင်ကပဲ နိုင်ငံခြားကနေ ဒီဇိုင်းပညာနဲ့ပတ်သက်တဲ့ ဒီပလိုမာယူပြီး ပြန်လာတာပေါ့ကွ''

''ဟင် . . . အဲဒီလိုပြောတာနဲ့တင် ရူပါက ယုံတယ်တဲ့လား''

အမြည်းတစ်ဖတ်ကို တူနှင့်ညှပ်လိုက်ရင်း တိုးကျော်က ထပ်မေး





သာသည်။

ညီဇာက . . .

''ယုံတာ၊ မယုံတာက သူ့အပိုင်းလေ၊ ငါ့ဘက်ကတော့ သူ ယုံနိုင်လောက်တဲ့အကြောင်းအရာတွေကို ပြင်ဆင်ထားရတာပေါ့၊ လိမ်တယ်၊ ညာတယ်ဆိုတာ လွယ်ပါတယ်ကွာ၊ အရေးကြီးတာက လိမ်စရာရှိလာလို့ရှိရင် ကြီးကြီးကျယ်ကျယ် လိမ်တတ်ဖို့ပဲ''

''ဟာကွာ . . . မင်းစကားကြီးကလည်း''

ဇော်မိုး၏ ခပ်ညည်းညည်းပြောလိုက်သော စကားသံကြောင့် ညီဇာက မျက်နှာကို တည်လိုက်ပြီး . . .

''အဲဒါ ငါ့စကား မဟုတ်ဘူး ဟေ့ကောင်၊ ကမ္ဘာကျော် ဟစ်တလာပြောခဲ့တဲ့စကားကွ၊ လူတွေဟာ သူတို့ရဲ့ အတွင်းစိတ်ဓာတ် ရိုးသားမှုတွေကြောင့် အသေးအဖွဲလိမ်ညာမှုတွေကို သိပ်မယုံချင်ကြဘူး၊ အဲဒါကြောင့် လိမ်စရာရှိလာပြီဆိုရင် ပိုပြီးယုတ္တိရှိအောင် ကြီးကြီးကျယ်ကျယ်သာ လိမ်ရမှာတဲ့ . . . သိပြီလား''

နှစ်ကောင်စလုံး မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားကြသည်။ စကားကို လက်မခံဟု ပြန်ပြောလို့မှ မရသည်ကိုး။ တော်ကြာ ညီဇာက မယုံရင် ဟစ်တလာကို သွားမေးလေဟုဆိုလာလျှင် သင်းတို့ မသိ [illegible] ရောက်ရဦးမည်။

ထို့ကြောင့် နားလည်လက်ခံသော မျက်နှာပေးနှင့်ပင် . . .

''ဟုတ်ပြီလေ၊ မင်းအပြောနဲ့ မင်းကတော့ ဟုတ်နေတာပဲ ခု



www.burmeseclassic.com

www.burmeseclassic.com



မင်းပြောသမျှကို ရှုပါက ယုံပြီဆိုတော့"

စကားမဆုံးခင်မှာပဲ ညီဇော ဖြတ်၍ . . .

"အဲဒါပဲလေကွာ၊ ငါ့ဘက်က သူယုံကြည်နိုင်လောက်တဲ့ စကားလုံးတွေ့ အနေအထားတွေ့၊ အကြောင်းအရာတွေ ချပြပြီးပြီဆိုတော့ ငါ့အတွက် လုပ်စရာက ပရိုပိုစ်လုပ်ဖို့ပဲ ကျန်တော့တယ်"

"အဲဒီတော့ မင်းက ဖွင့်ပြောတော့မှာပေါ့ . . . ဒီလိုလား"

အမေးစကားအဆုံးမှာပဲ ညီဇော ခွက်ထဲမှ လက်ကျန်ဘီယာကို မော့ချလိုက်ရင်း . . .

"သိပ်မှန်တာပေါ့ကွာ၊ အဲဒါကြောင့် ဒီနေ့ပဲ ရှုပါကို ချစ်တယ်လို့ ဖွင့်ပြောခဲ့တာ၊ ခုတောင် အဲဒီအထိမ်းအမှတ်နဲ့ မင်းတို့ကို ဘီယာတိုက်နေတာလေ၊ ဘာလဲ . . . ငါက အားအားယားယား ပိုက်ဆံအကုန်ခံပြီး ဘလိုင်းကြီး ပြုစုနေတယ်များ ထင်လို့လား"

"ဟေ"

"ဟာ"

နှစ်ကောင်စလုံး အာမေဋိတ်ကိုယ်စီ ထွက်သွားကြပြီး ညီဇော်ကိုပဲ မျက်လုံးအပြူးသားနှင့် ကြောင်ကြည့်မိကြတော့၏။

ထိုအချိန်မှာပဲ ညီဇော ရိုက်မစစ်ရဘဲ စကားထပ်ဆိုလာသည်။

"အဲဒီတော့ . . . ရှုပါက စဉ်းစားပေးမယ်ပေါ့ကွာ၊ ငါ ထပ်ကိုက်ရ လိုက်တော့ သိပ်မကြာခင်ရောက်လာမယ့် သူ့ရဲ့မွေးနေ့မှာ တိကျတဲ့ အချက် တစ်ခု ပေးမယ်တဲ့၊ ဇာတ်လမ်းကတော့ ဒါပဲ"





ဒီတစ်ခါတော့ နှစ်ကောင်စလုံး အံ့သြလွန်း၍ အာမေဋိတ်ထွက် ဖို့ပင် မေ့ကာ ငုတ်တုတ်ကိုယ်စီ ငြိမ်သက်သွားကြ၏။

ထိုအချိန်မှာပဲ ညီဇော အကြိုအောင်ပွဲခံရန် ဘီယာတစ်ဂျား ထပ်ပေး ပြီးဟူ၍ ကိုယ်ထူကိုယ်ထ ထပ်မှာလိုက်လေသည်။

ထိုသို့ဖြင့် . . .။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ညနေခင်းကတော့ တိမ်ရောင်စုံတွေ ကောင်းကင်မှာ ဆေးရေးပြိုင်နေကြသည်။ အဝေးမှတိုက်ခတ်လာသော လေညင်းကလည်း သူတို့နှစ်ဦးကို ဖွဖွလေး ပွတ်သပ်ကျီစယ်သွားသလို ရှိ၏။

အဝေးကို ငေးနေပြီးမှ ရူပါက စကားဆိုလာသည်။

"ကိုကို ရူပါ တစ်ခုလောက်တော့ မေးချင်တယ်"

"မေးလေ ရူပါရဲ့"

ညီဇ စကားအဆုံးမှာ ရူပါက သက်ပြင်းဖွဖွချပြီး . . .

"အမှန်အတိုင်းပြောရရင် ရူပါ့ဘဝမှာ ချစ်သူရည်းစားဆိုတာ တစ်ခါမှ မထားဖူးပါဘူး။ ဒါပေမဲ့ . . . ခုလို တွေ့တာမကြာသေးပေမယ့် ကို့အချစ်ကို သက်ခံလိုက်တဲ့ ရူပါ့အပေါ်ကို အထင်များသေးနေမလားဟင်

www.burmeseclassic.com

www.burmeseclassic.com



မှက်ခုံးအသာပင့်လိုက်ပြီးမှ ဘာများလဲဟူသော ပုံစံမျိုးနှင့် ညီဇရယ်လိုက်သည်။ ပြီးမှ ...

"ကြော် ရှုပါရယ် ... ဘာဖြစ်လို့ အဲဒီလိုတွေ တွေးနေတာလဲ၊ ရှုပါ့ကိုလည်း ကိုယ် အမှန်အတိုင်းပဲ ပြောခဲ့တာပဲဟာကို၊ ကိုယ် ရှုပါနဲ့မတွေ့ခင်အချိန်အထိ ရည်းစားတွေ အများကြီးထားခဲ့ဖူးတယ်၊ ဒါပေမဲ့ ... အဲဒါတွေက အပျော်ဖတ်ပါ၊ အချစ်ဆိုတာကိုတော့ ရှုပါနဲ့တွေ့မှပဲ စ,ခံစားဖူးတာလေ"

စကားကို လေးနက်စေရန် အေမီ တစ်ခါပြောဖူးသော 'အပျော်ဖတ်' ဆိုသည့် ဝေါဟာရကို ခဏငှားသုံးလိုက်ရသည်။

ရှုပါက ညီဇကို ပြန်ကြည့်လိုက်ပြီး ...

"ထားပါတော့၊ ဒါပေမဲ့ ... ကို ရှုပါကို ချဉ်းကပ်တုန်းကတော့ အရင်ရည်းစားတွေကိုသုံးခဲ့တဲ့ နည်းပေါင်းစုံထဲကမှ ရွေးသုံးခဲ့တာမဟုတ်လား"

ညီဇက ရှုပါခေါင်းကို ချစ်စနိုး ပုတ်လိုက်သည်။

"ကဲ ... တော်ပါတော့ ရှုပါရယ်၊ ကိုယ်တို့ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို အချေပြန်ရစ်ပြီး မဖြုန်းစမ်းပါနဲ့၊ ခု ရှုပါက ကိုယ့်ရဲ့ တစ်ယောက်တည်းသော ချစ်သူပဲ ... ကျေနပ်ပြီလား"

ရှုပါက ချစ်စဖွယ် မျက်စောင်းထိုးလာသည်။ ပြီး ...

"ကျေနပ်ပါပြီ မောင်တော်ရဲ့၊ အင်း ... ဒါပေမဲ့ ရှုပါတို့ကိစ္စကိုတော့ ရှုပါ့မမကို ပြောပြထားချင်တယ်"





စကားအဆုံးမှာ ညီဇက အံ့သြဟန်ပြုလျက် ...

"ဟင် ... ရှုပါမှာ အစ်မရှိတယ် ဟုတ်လား။ ခု ... ရှုပါနဲ့ အတူတူနေတာလား အဲဒီအစ်မက"

ခေါင်းအသာခါရင်း ရှုပါက ...

"မနေပါဘူး။ မမက သူ့အမျိုးသားနဲ့ တခြားမှာပါ၊ အင်း ... ကိုနဲ့အနေအထားကို ပြောပြရင်တော့ မမ လက်ခံလောက်ပါတယ်"

"ဘာဖြစ်လို့လဲ ရှုပါ ... အခက်အခဲများ ရှိနေလို့လား၊ ဒါမှမဟုတ် ကိုယ် လိုက်တွေ့ပေးရမလား"

ရှုပါက ခေါင်းအသာခါလိုက်ရင်း ...

"အဲဒီလောက်လည်း မလိုသေးပါဘူး။ လိုအပ်တဲ့အခါကျရင် ရှုပါပြောမှာပေါ့၊ ရှုပါတို့မှာက ဒီညီအစ်မနှစ်ယောက်ပဲ ရှိတော့တာလေ၊ မမက ရှုပါနဲ့အစ်မတစ်ယောက်ဆိုပေမယ့် အမေတစ်ယောက်လိုပါ ကြည့်ရှုစောင့်ရှောက်ခဲ့တာဆိုတော့ ..."

စကားမဆုံးခင်မှာပဲ ညီဇက လက်အသာ ကာပြလိုက်ရင်း ...

"အဲဒီလောက် ပြောစရာမလိုပါဘူး ရှုပါရယ်၊ ကိုယ် နားလည်ပါတယ် ရှုပါအစ်မနဲ့ ကိုယ် တွေ့ဖို့လိုအပ်တဲ့အခါသာပြော ... ဟုတ်ပြီလား"

ရှုပါက ကျေနပ်ဟန်လေးဖြင့် ခေါင်းညိတ်ပြလာသည်။ ညီဇကသဘောထားကြီးဟန်ဖြင့် ပြုံး၍ ကြည့်နေသော်လည်း စိတ်ထဲမှာတော့ ...

"ခင်သန္တာဆိုတဲ့ မင်းအစ်မနဲ့ သိပ်တွေ့ချင်တာပေါ့ ရှုပါရယ်၊ အဲဒီ ... တိုက်တွေ့ချင်လွန်းလို့လည်း အချိန်တွေ အကုန်ခံပြီး ငါနှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို ညာထားတာပေါ့''

ညီဖုံးစံက ခပ်တွေတွေ ဖြစ်သွားသဖြင့် ရှုပါက ...

''ကို ဘာတွေစဉ်းစားနေတာလဲဟင်''

အမေးကြောင့် ညီဖ လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး မှုသားစကား-တာ လျှာဖျားမှ ခုန်ထွက်သွားသည်။

''ဘာမှမဟုတ်ပါဘူး ရှုပါရဲ့၊ နောက်နေ့ နောက်နေ့တွေမှာ ရှုပ် ပျော်ရွှင်စိတ်ချမ်းသာအောင် ဘယ်လိုထားရမလဲလို့ စဉ်းစားနေတာပါ''

''ပို့ပြီ''

မှုန့်နှဲ့နှဲ့လေးဖြင့် ရှုပါက ပြောတော့သည်။ အများအမြင်မှာတော့ သူတို့စုံတွဲလေးသည် ညနေခင်းနှင့်အပြိုင် ငြိမ်းအေးလှပသလိုရှိ၏။

သို့သော်လည်း ...

ကြည်နူးနေသော သူတို့နှစ်ယောက်အား တစ်နေရာမှ မရှုဆိတ်ချောင်းမြောင်းကြည့်နေသော မျက်ဝန်းတစ်စုံလည်း ရှိပါသေး၏။

ထိုမျက်ဝန်း၏အရှင်သခင်ကတော့ ...။

■



## အခန်း (၁၇)

''ဘာပြောတယ် ဝဏ္ဏ၊ ရှု ... ရှုပါက ဘဲတစ်ပွေနဲ့ တွဲနေတယ် ... ဟုတ်လား''

မိုးခြိမ်းသလို အော်ပြီးမေးလာသော ခင်သန္တာအသံကြောင့် ဝဏ္ဏ ပြောင်းရိုး တွန့်သွားမိသည်၊ ချက်ချင်းပင် မျက်နှာလေးငယ်ပြလိုက်ပြီး..

''ဟုတ်တယ် မမရဲ့ ... ကျွန်တော့်မျက်စိနဲ့ သေသေချာချာတွေ့ခဲ့တာပါ၊ ဘယ်အချိန်က ဘယ်လို ရှုပ့်မှာ ရည်းစားရသွားလဲ မသိဘူး''

ထိုစကားကြောင့် ခင်သန္တာက စူးစူးရဲရဲ ပြန်ကြည့်လိုက်သည်။

''အဲဒါ ... မင်းညံ့လို့ပေါ့ ဝဏ္ဏရဲ့၊ မင်းပဲ ရှုပါကို သဘောကျတယ်ဆို အဲဒါကြောင့်လည်း ငါက နီးစပ်ပါစေတော့ဆိုပြီး ငါ့ညီမအနားမှာ နေခွင့်ပေးထားတာလေ၊ ဒီကြားထဲ ခုလိုဖြစ်သွားတာက မင်း ညံ့လို့မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး မမရာ ... ခုဟာက ရှုပါ စိတ်ကစားတာလည်း ဖြစ်နိုင်ပါတယ်၊ ကျွန်တော်ကလည်း မမကို အသိပေးသင့်တယ်ထင်လို့ လာပြောပြတာ"

ခင်သန္တာ စဉ်းစားသွားရသည်။ ဒီအတိုင်းဆိုလျှင် ဝဏ္ဏကို ပစ်ပစ်ခါခါပြောလို့လည်း မဖြစ်သေး။ ဘာပဲပြောပြော ဝဏ္ဏ၏အသိုင်းအဝိုင်းက ရုပ်ပါဘဝကို ချမ်းချမ်းသာသာထားနိုင်သည့်အနေအထား ရှိသည်ပဲ။ အခုချိန် လွှတ်လိုက်သည့်ငါးက တစ်ချိန်ကျမှ ကြီးမည့်အဖြစ်မျိုး ခင်သန္တာ အဖြစ်မခံနိုင်ချေ။

ခု ရုပ်ပါမှာ ရည်းစားရနေပြီဆိုတာကတော့ ဝဏ္ဏအပြောအရ သေချာနေပြီ။ သို့သော် ... အဲဒီရည်းစားဆိုတာက ဘယ်သူလဲ၊ ဘယ်လောက်ချမ်းသာလဲ၊ ရုပ်ပါ့ဘဝကို ဘယ်လောက်အထိ လုံခြုံစေမှာလဲဆိုတာကိုတော့ မသိရသေး။ ထို့ကြောင့် လေ့လာဖို့တော့လိုမည်။ လောလောဆယ် အဲဒီ တစ်ယောက်ကို ကိုယ့်ညီမက ရည်းစားအဖြစ် လက်ခံထားပြီးပြီ မဟုတ်လား။

ထို့ကြောင့် အခြေအနေကို ဟိုတက်ဒီဘက်မျှအောင် စဉ်းစားလိုက်ပြီးမှ ဝဏ္ဏအား နှစ်သိမ့်သလို ပြုံးပြလျက် ...

"အေးလေ ... မင်းထင်သလို စိတ်ကစားတာပဲ ဖြစ်မှာပါ၊ မမလည်း မေးစမ်းကြည့်ပါဦးမယ်၊ မင်းဘက်ကသာ မသိသလိုပုံစံနဲ့ပဲ အရင်လိုနေလိုက် ... ကြားလား"

ပြောသာ ပြောလိုက်ရသည်။ သူ့ညီမအရွယ်က စိတ်ကစားမည့်သူငယ်နှပ်စားအရွယ်မှ မဟုတ်တော့သည်ဘဲ။





မည်သို့ပင်ဖြစ်စေ ခင်သန္တာအပြောကြောင့် ဝဏ္ဏကျေနပ်သွားရပြီး–

"စိတ်ချပါ မမရဲ့ ... ကျွန်တော့်ဘက်ကတော့ ရုပ်ပါ့အပေါ် သဘောထားမပြောင်းပါဘူး။ မမပဲ ကြည့်ပြောပေးပါနော်"

"အေးပါ"

ပြောရင်းပင် ခင်သန္တာက ဧည့်ခန်းပတ်ဝန်းကျင်ကို စိတ်မလုံသလို ဝေ့ကာ ကြည့်လိုက်သေးသည်။ သို့သော် နံရံအကွယ်ကနေ ချောင်း၍ နားစွင့်နေသော ညီမကို ခင်သန္တာ မမြင်လိုက်။ အမှန်တော့ ညီမကလည်း ဧည့်ခန်းထဲသို့ ထွက်လာမည်ပြုပြီးမှ စကားသံတွေကို ကြားလိုက်ရ၍ ပြန်လှမ်းတုံ့သွားရခြင်းဖြစ်သည်။ ပြီး ... ထိုစကားသံတွေအရ မိမိကို ဝဏ္ဏက ရှုပ်ပါ့ရည်းစားအဖြစ် မြင်ဖူးသွားပြီ မဟုတ်လား။

အခြေအနေက လက်မတင်လေး မီလိုက်သည်ဟုပင် ဆိုရမည်။ ထိုသို့ပြစ်ဖြစ် လောလောဆယ် ကိုယ့်ဘက်ကတော့ တစ်ကွက်သာနေသေးသည်ပဲ။ ထိုသို့စဉ်းစားနေချိန်မှာပဲ ခင်သန္တာ၏အသံကို ထပ်ကာ ကြားလိုက်ရသည်။

"ကဲ ဝဏ္ဏ ... မင်းလည်းပြန်တော့၊ အဲဒီကိစ္စကို မမ ကြည့်စီစဉ်မယ်"

"ဟုတ်"

ဝဏ္ဏ ထထွက်သွားသံကို ကြားလိုက်ရ၏။ ခဏအကြာမှာပဲ ခင်သန္တာ၏ဝုန်းပြောသံကို ညီဇ ထပ်ကြားလိုက်ရပြန်သည်။

"အေး ... ညီမလေးလား မမပါ၊ ပြောစရာရှိလို့ ခါတိုင်းတွေ့နေကျ



www.burmeseclassic.com

www.burmeseclassic.com



အုံဝင်တာက ကော်ပီဆိုင်ကို လာခဲ့ဦး၊ မမ နောက်နာရီဝက်ဆို ရောက်မယ်''

ထိုစကားသံကြောင့် ညီဇ ကျိတ်ကာပြုံးလိုက်၏။ အတန်ကြာမှ အိမ်သာခန်းထဲက ထွက်လာသည့်ပုံစံဖြင့် ဧည့်ခန်းထဲ ဝင်လာလိုက်သည်။

ညီဇကိုကြည့်ကာ ခင်သန္တာက . . .

''ဟော့ . . . မင်းသွားစရာမရှိရင် ငါ အပြင်ခဏသွားမလို့''

ထိုအပြောကြောင့် ညီဇက ခပ်အေးအေးပဲ . . .

''ဘာလဲ . . . ကျုပ်က အိမ်စောင့်ပေးရမှာလား၊ ကျုပ်လည်း သွားစရာ ရှိတယ်ဗျ၊ ဒီအိမ်က ခင်ဗျားတို့လည်း တစ်ဝက်ပိုင်တယ်ဆိုတော့ အိမ်တံခါးတစ်ခြမ်းကို သော့ခတ်သွားလိုက်ပေါ့''

ပြောပြီး လှည့်ထွက်လာခဲ့သည်။ နောက်နားဆီမှ ခင်သန္တာ၏ တောက်ခေါက်သံကို ကြားဖြစ်အောင် ကြားလိုက်ရသေး၏။

ထို့မှလောက်တော့ ညီဇ ဂရုမစိုက်ပါချေ။ ခေါင်းထဲမှာ စဉ်းစားနေ သည်က နောက်ထပ်ရွေ့ရမည့်အကွက်တွေပဲ ဖြစ်သည်။ ပြီး . . . လာ တလောလုပ်ရမည်က ခင်သန္တာနှင့်ရှုပါတို့ ပြောမည့်စကားများကို တစ်ခု တစ်ယောက်အား သွား၍ မသိမသာနားထောင်နိုင်းရန်။

ဒီနေ့အဖို့ ညီဇလုပ်ကွက်က ထို့မျှလောက်ပါပဲ။

နောက်နေ့တွေကျမှသာ အင်း . . . နောက်ထပ် အစီအစဉ်အသစ် တွေပေါ့။

■



# အခန်း (၁၀)

ညီမဖြစ်သူ၏စကားတွေကို သေသေချာချာနားထောင်ပြီးမှ ခင်သန္တာ တစ်ပြင်းကျိတ်ချလိုက်သည်။ တစ်သက်လုံးက မိမိအပေါ် မညာခဲ့သော ရှုပါသည် ယခုလည်း လိမ်ပြောနေဟန်မရှိ။

ထို့ကြောင့် ခင်သန္တာက လျော့ရဲရဲပြုံးလိုက်ပြီး . . .

''အေးလေ . . . ညီမလေး ခုလိုပြောတာကိုတော့ မမ ကျေးဇူးတင် ပါတယ်၊ ဒါပေမဲ့ . . . သူများပြောပြမှ မမ သိရတာဆိုတော့''

ထိုစကားကြောင့် ရှုပါ့မျက်နှာပေါ်မှာ အားနာဟန်လေး ဖြတ်ပြေး သွားသည်။ ချက်ချင်းပဲ ပျာပျာသလဲပုံစံဖြင့် . . .

''အဲဒီလို မဟုတ်ပါဘူး မမရဲ့၊ ရှုပါလည်း မမကို ပြောပြမလို့ပဲ ဒီနေ့ကတောင် အဲဒီကိစ္စကို ကို . . . အဲ ကိုခန့်နဲ့ တိုင်ပင်ဖြစ်သေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်ကတောင် မယောက်က တွေ့ဖို့ဆန္ဒရှိရင် သူလာတွေ့ပေးပါ့မယ်တဲ့''

''ထားပါတော့လေ၊ ဒါနဲ့ . . . ညီမလေးက ဝဏ္ဏကို ဘာဖြစ်လို့ သဘောမကျတာလဲ၊ ဝဏ္ဏက ညီမလေးရဲ့ဘဝကို လိုလေးသေးမရှိအောင် ဖြည့်ဆည်းနိုင်တယ်ဆိုတာ မေ့နေလို့လား''

စကားအဆုံးမှာပဲ ရူပါက ခေါင်းခါလိုက်ရင်း . . .

''အာ . . . မမကလည်း ဝဏ္ဏကို ရူပါမှ ခံစားလို့မရတာ၊ ပြီးတော့ မပြောတဲ့ အသိုင်းအဝိုင်းဆိုတာက ကိုခန့်မှာလည်း ရှိတာပဲဟာကို၊ ကို ခန့်အပြောအရဆိုရင် ကိုခန့်တို့က ဝဏ္ဏတို့ထက်တောင် ချမ်းသာသေးတယ် ပြီးတော့ . . . ညီမလေးကိုလည်း ကိုခန့်က တကယ်ချစ်တာ၊ မမ မယုံရင် ခု ကိုခန့်ဆီ ဖုန်းဆက်ပြီး လာခိုင်းလိုက်ရမလား။ မမ အကဲခတ်ကြည့်လေ စီးလာတဲ့ကားကိုကြည့်ပြီး မမ အရင်သဘောကျသွားမှာ''

အစ်မ၏သဘောကို နားကျော့နေသဖြင့် ရူပါက စကားဦးသန် လိုက်ခြင်း ဖြစ်သည်။ ထိုစကားကြောင့် ခင်သန္တာလည်း ဘဝင်ကျသွားရပြီ

''တော်ပါပြီ တော်ပါပြီ . . . နောက်မှ ညီမလေးလူနဲ့ တွေ့တာပေါ့ ဘာပဲဖြစ်ဖြစ် မမ စိတ်တိုင်းကျမယ့်လူမျိုးနဲ့ ငါ့ညီမ ဆုံတာကိုတော့ ဝမ်းသာ ပါတယ်၊ ကိုယ့်ဘက်က သေချာပြီဆိုရင်တော့ အဲဒီလူကို လက်မလွှတ်စေ နဲ့နော်၊ မမကိုပဲကြည့် . . . ချမ်းချမ်းသာသာနေချင်လို့ ဦးနောက်နဲ့ စဉ်းစား ပြီး အခြေအနေရှိမယ့်သူကိုပဲ လက်ထပ်ခဲ့တာလေ၊ အချစ်ဆိုတာက ကြာလာ ရင် အလကားပါ ညီမလေးရယ်၊ တကယ်တမ်း အတူနေရပြီဆိုရင်တော့ နှစ်ယောက်အတူ ထမင်းရည်လျှက်နေလို့မှ အဆင်မပြေတာ၊ အိမ်ထောင်ရေး





ဆိုတာက .. ... ... ... ... ... ... ... ... ... ... ...''

ထိုသို့အစချီလာသော ပဟာသနတွေ ဖုံးလွှမ်းထားသည့် အစ်မ ဖြစ်သူ၏ အိမ်ထောင်ရေးအဘိဓမ္မာကို ရူပါ နားသောတဆင်ရပြန်သည်။

ခင်သန္တာကလည်း ပတ်ဝန်းကျင်ကိုပင် သတိမထားနိုင်လောက် အောင် ညီမဖြစ်သူအား ဩဝါဒခြွေလိုက်၏၊ ရူပါမှာတော့ နားကသာ ကြား နေသော်လည်း စိတ်ကမူ ညီဖုန်းနှင့် သွားခဲ့လာခဲ့တာတွေကိုပဲ ပြန်တွေးနေ သည်။ တရားကျဖို့ပင် ကောင်းလှသေးတော့၏။ ပေးသူနှင့် ယူသူက အပေးအယူအမျှလိုက်လေခြင်း။

အားပါးတရ မြွက်ကြားပြီးချိန်မှာတော့ ခင်သန္တာက မောသွားဟန် ဖြင့် ရှေ့မှ အအေးခွက်ကိုယူကာ တစ်ငုံငုံလိုက်ရင်း . . .

''ကဲ ကဲ . . . ဒီလောက်ဆိုရင်တော့ ညီမလေးလည်း သဘော ပေါက်လောက်ရောပေါ့၊ ညီမလေးဘက်က အဲဒီတစ်ယောက်နဲ့ သေချာပေါက် လက် ထပ်ဖို့ ဆုံးဖြတ်ပြီးသွားပြီဆိုရင်လည်း ဝဏ္ဏနားလည်အောင် မမ ကြည့်ပြော ပေးပါ့မယ်''

''ကျေးဇူးပါပဲ မမရယ်၊ အကြောင်းကိစ္စမရှိရင် ဝဏ္ဏကို ညီမလေး ဆီ မလာခိုင်းပါနဲ့နော်၊ နေရတာ ကျဉ်းကျပ်လို့ပါ''

ထိုစကားကြောင့် ခင်သန္တာက မျက်စောင်းထိုးလိုက်ရင်း . . .

''အံမယ် . . . ခုတော့ ပြောပြီပေါ့၊ နေရတာ မကျဉ်းကျပ်တဲ့လူနဲ့ တွေ့နေတာကိုး''

ထိုသို့ပြောလိုက်သည့် ခင်သန္တာကိုကြည့်ကာ ရူပါတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဇက်ကလေးမှုရင်း လျှာတစ်လစ်ထုတ်လိုက်မိလေသည်။

စိတ်ထဲမှာ တစ်ဆက်တည်း တွေးမိလိုက်တာကလည်း ညီဇဆီသို့ ရှန်းဆက်ရဦးမည်ဟု ...။



## အခန်း (၁၉)

တစ်ရက်ပြီးတစ်ရက်ဆိုသလို ရက်တွေကတော့ ညှိစင်လာခဲ့လေပြီ၊ ...သူသက်တမ်း တစ်လကျော်ကာလအတွင်း ရှုပါနှင့် သွားခဲ့လာခဲ့သည်များ ...တွေးကာ ညီဇ သက်ပြင်းပါးပါး ချမိ၏။

တွေဝေငေးမောနေသော ညီဇပုံစံကို သေသေချာချာ အကဲခတ် ...ရင်း တိုးကျော်က ...

''ဟေ့ကောင် ... မျက်နှာမသာမယာနဲ့ ဘာဖြစ်နေတာလဲ၊ ရှုပါနဲ့ ...ဝင်မပြေလို့လား''

ထိုစကားကတော့ ညီဇကို ကျည်စက်နှင့် တို့လိုက်သည့်အလား ...သွားစေသည်။ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီးမှ ခေါင်းအသာခါယမ်းလိုက် ...

ခုနစ်စဥ်ကြယ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ပါဘူးကွာ . . . အဆင်ပြေလွန်းလို့ ခက်နေတာ''

''ဘာ . . . ဘယ်လို ဘယ်လို''

ဇော်မိုးကပါ နားမလည်သလို ပြန်မေးလာသည်။

ညီဇာက . . .

''အေးကွာ . . . ချစ်သူတွေဖြစ်ပြီး နောက်ပိုင်းမှာ ငါလည်း သူ့စိတ်မှန်အောင် အမျိုးမျိုးလုပ်တာပဲ၊ ဥပမာ . . . ငါနဲ့အတူ ဘီယာဆိုင်လိုက်ထိုင်နိုင်းတယ်၊ တစ်ခါတစ်ခါ ညဘက်တွေဆိုရင်လည်း ကလပ်ကို ထမင်ခေါ်သွားတယ်ကွ၊ အသေးအဖွဲ့တွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ . . . ရှုပါက မညည်းမညူလိုက်ပေးတယ်ကွ၊ ပြီးတော့ စိတ်ရှုပ်စိတ်ပျက်တဲ့ အမူအရာ လုံးဝမရှိဘူး''

စကားကို ခဏဖြတ်ထားလိုက်ပြီးမှ ညီဇာက အဝေးကို ငေးရင်း ထပ်ပြောလာသည်။

''ငါလည်း ဟိုတစ်နေ့က သွေးတိုးစမ်းတဲ့သဘောနဲ့ နောက်သလိုလို ပြောလိုက်သေးတယ်၊ ချောင်းသာကို နှစ်ယောက်တည်း နှစ်ရက်လောက် သွားလည်ရအောင်လို့''

''အဲ . . . အဲဒီတော့ သူက ဘာပြန်ပြောလဲ''

''ဟူး . . . ငါ့သဘောပဲတဲ့ကွာ''

ညီဇာဖြစ်နေသော ပုံစံကိုကြည့်ကာ တိုးကျော်က ခေါင်းတဆတ် ဆတ်ညိတ်တော့သည်။ ပြီးမှ . . .

''ဘယ်လိုလဲ ညီဇ . . . တဖြည်းဖြည်းနဲ့ မင်းလက်က နာရီကို





ရပ်ပစ်ဖို့ တွေဝေနေပြီ မဟုတ်လား''

ဘာမှပြန်မပြောဘဲ ငြိမ်ဆိတ်နေသည်။ ဇော်မိုးကလည်း ညီဇာကို ကြည့်၍ . . .

''မင်းပြောခဲ့တုန်းကတော့ နှင်းဆီပန်းတွေပို့တယ်ဆိုတာ အဲဒီနှင်းဆီပန်းနဲ့အတူ ရှိနေတဲ့ဆူးကိုပါ သတိထားမိစေချင်လို့ဆို''

''ပြီးတော့ . . . မင်းနာရီရပ်တဲ့နေ့က ရှုပါ အသည်းကွဲပြီး ခင်သန္တာ လည်း စိတ်ဆင်းရဲစေရမယ်လို့ ကြုံးဝါးခဲ့သေးတယ်နော်''

နှစ်ယောက်စလုံး၏စကားတွေကို မကြားချင်တော့ဟန်ဖြင့် ညီဇာ လက်ကာပြလိုက်သည်။

ပြီးမှ မျက်နှာထားတည်လိုက်ရင်း . . .

''ဘာလဲ . . . မင်းတို့က ငါ့ကို လှောင်နေတာလား၊ လောလော ဆယ် ငါ တွေဝေနေမိတယ်ဆိုတာကိုတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ . . . အဲဒီ နှင်းဆီက ဆူးနဲ့တော့ ငါ့ကိုယ်ငါ အစူးမခံဘူးကွ၊ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ငြိမ အတိုင်း ဒီနာရီက တစ်ချိန်ချိန်မှာတော့ ရပ်သွားမှာပါ''

''အဲဒီစကားပြောတဲ့ မင်းကိုယ်မင်းရော သေချာလို့လား ညီဇာ ဘာပဲဖြစ်ဖြစ် . . . မင်း ရှုပါကို တကယ်ချစ်၊ မချစ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင်ပြန်မေးသင့်တယ်''

''ဟုတ်တယ်ကွ၊ ဒီကိစ္စတွေကို မင်းဘက်က တစ်ဖက်သတ်ပြီး အားပွဲလို့ သတ်မှတ်ထားခဲ့ပေမယ့် နှလုံးသားနဲ့တော့ မရင်းနှီးအောင် အမှန်ပဲ၊ အဲဒါကြောင့် ငါတို့ အစက တားခဲ့တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ...ငါ အားလုံးသိပါတယ်၊ ခုလည်း ဒီတစ်ခါ နာရီရုပ်လိုက်ရင် ငါ့နှလုံးသားပါ ရပ်သွားမလားဆိုတာကို ငါ အသေအချာ ထင်နေပါတယ်၊ အဲဒီအတွက် ဘာတွေပြင်ဆင်ထားရမယ်ဆိုတာကိုတော့ ငါ မသိသေးဘူး"

ပြောရင်းပင် ညီဇေက လက်မှာပတ်ထားသည့်နာရီကို ခပ်တွေတွေ စိုက်ကြည့်လိုက်သည်။

နာရီလက်တံတွေကတော့ သူ့တာဝန် သူထမ်းဆောင်ရင်း တရွေ့ ရွေ့ လှုပ်ရှားနေဆဲ။

ထို့အတူ ညီဇ ရင်ဘတ်ထဲက နှလုံးသားသည်လည်း တထိတ် ထိတ်ခုန်နေဆဲပင်။

ကိုယ့်ကိုယ်ကိုယ် မညာဖူးသည့် ညီဇမှာတော့ နှလုံးသားကို ငုံ့ ကြည့်ဆန်းစစ်ရင်း စပ်ဖျဉ်းဖျဉ်း ခံစားလိုက်ရ၏။

ညီဇကိုကြည့်ရင်း တိုးကျော်တို့နှစ်ဦးမှာလည်း တစ်စုံတစ်ခု ရေးရေးလေး သိမြင်လိုက်ရသည့်အလား ...။

■



## အခန်း (၂၀)

"အဲဒီလူပဲ မမ ...ခု ရုပ်ပါနဲ့ တွဲနေတဲ့သူဆိုတာ"

ပြောရင်း ဝဏ္ဏက ဓာတ်ပုံတစ်ပုံ လှမ်းပေးလာသည်။ လူကို မမြင် ရသေးမယ့် တချို့အကြောင်းတွေကိုတော့ သိပြီးသားပါဟူသော အတွေးဖြင့် ခင်သန္တာ လှမ်းယူလိုက်၏။

"ဟင်"

ဓာတ်ပုံကိုကြည့်လိုက်မိလျှင်ပဲ ဓာတ်ကြိုးကိုကိုင်လိုက်မိသူလို အလန့်တကြား လွှတ်ချလိုက်မိသည်။ ပါးစပ်ကလည်း အထစ်ထစ်အငေါ့ငေါ့ ရေရွတ်မိ ...

"ဝ ... ဝဏ္ဏ ... ဒီဓာတ်ပုံထဲကလူက ..."

"ဟာ ... မမကလည်း အဲဒါက ရုပ်ပါနဲ့ တွဲနေတဲ့ ခင်မင်ထား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လုပ်လေ''

''မဟုတ်ဘူး . . . မဟုတ်ဘူး''

ခင်သန္တာ ဒေါသတကြီး အော်လိုက်မိ၏။ ဝဏ္ဏက ဘာမှနားမလည်သောဟန်ဖြင့် အကြောင်သား ကြည့်နေပြီးမှ . . .

''ဘာဖြစ်တာလဲ မမ၊ အဲဒါ ခန့်မင်းထက်ဆိုတာ သေချာပါတယ် ဒီမနက်ကတောင် ရှုပါနဲ့''

''တော်တော့ ဝဏ္ဏ၊ ငါ သဘောပေါက်သွားပြီ မင်း အခုပြန်လိုက်တော့၊ သိပ်မကြာခင်မှာပဲ မင်းနဲ့ရှုပါတို့ လက်ထပ်ဖို့ ငါ စီစဉ်ပေးမယ်''

ဘာကြောင့်ပေါက်ကွဲသွားမှန်းမသိသော်လည်း နောက်ဆက်တွဲစကားကြောင့် ရှေ့ရေးကိုမစဉ်းစားဘဲ ဝဏ္ဏ ကျေနပ်သွားသည်။

ထို့ကြောင့် ခပ်သွက်သွက်ထရပ်လိုက်ရင်း . . .

''ဝမ်းသာလိုက်တာ မမရယ်၊ မမဘက်က အိုကေဆိုတာနဲ့ ကျွန်တော် အားလုံးစီစဉ်လိုက်ပါ့မယ်''

ထိုစကားတွေကိုတော့ ခင်သန္တာ မကြားတော့ချေ။ ဝဏ္ဏ ထွက်သွားလျှင်ပဲ ပေါက်ကွဲနေသောစိတ်ဖြင့် ညီဇာ၏အခန်းသို့ ဦးတည်လိုက်၏။

'ဒေါက်! . . . ဒေါက်!'

စိတ်ကို မနည်းထိန်းချုပ်ရင်း ခင်သန္တာ တံခါးခေါက်လိုက်သည်ပါးစပ်ကလည်း . . .

''ညီဇာ . . . နင် အခန်းထဲမှာဆိုရင် ခဏထွက်ခဲ့စမ်းပါ''

ထိုသို့ပြော၍ တံခါးထပ်ခေါက်သည့်တိုင်အောင် အထဲမှ တုံ့ပြန်သံ





မကြားရ၊ သို့နှင့် တံခါးကို အသာတွန်းလိုက်မိသည်။ လော့ခ်ချထားပုံမရသော အခန်းတံခါးက ခပ်ဟဟလေး ပွင့်သွားပါ၏။

ခင်သန္တာက အခန်းတွင်းသို့ ခေါင်းပြူကာ ကြည့်လိုက်၏။ အထဲမှာ ညီဇာကို မတွေ့သဖြင့် နှာတစ်ချက်မှုတ်လိုက်မိသည်။

ပြန်လာမှ တွေ့မယ်ဟု စိတ်ထဲကြုံးဝါးလိုက်ကာ တံခါးပိတ်ရန် ဟန်ပြင်လိုက်စဉ်မှာပဲ . . .

''ဟင်''

ညီဇာ ခုတင်ဘေးရှိ စားပွဲပေါ်မှ ပစ္စည်းလေးတွေကို မြင်လိုက်ရ၍ အံ့သြသွားခြင်းဖြစ်သည်။

တခြားတော့မဟုတ်။ စားပွဲပေါ်တွင် ပြန့်ကျဲနေသည်က အရောင်အသွေးစုံလှသော လက်ပတ်နာရီများနှင့် ဖွင့်ထားသော ဒိုင်ယာရီစာအုပ်တစ်အုပ်။

စပ်စုလိုစိတ်ဖြင့် ဘာရယ်မဟုတ်ဘဲ ခင်သန္တာ၏ခြေလှမ်းတွေက ထိုစားပွဲဆီသို့ ဦးတည်လိုက်မိ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အဲဒါပဲ ကိုကျော်၊ ရှင့်ညီဆိုတဲ့ကောင်က ခင့်ကို မကျေနပ်တဲ့စိတ်နဲ့ ညီမလေးကို စိတ်ဆင်းရဲအောင်လုပ်ဖို့ တမင်ကြံစည်တာ . . . သိလား"

ဒီစကားတွေချည်းပဲ ထပ်ကာထပ်ကာ လာပြောနေသော ခင်သန္တာ ကြည့်ကာ ကျော်မင်း စိတ်ရှုပ်လာသည်။ အလုပ်က ပြန်လာပြီး အိမ်မှာ အေးအေးဆေးဆေး ဝီစကီသောက်နေတာပင် ကောင်းကောင်းမသောက်ရ နှင်က ပျက်သွားသည်။ ထို့ကြောင့် . . .

"အဲဒီလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါကွာ၊ ညီဇော ရှုပါကို မင်း ညီ ဆိုပြီး မြင်ဖူးတာမှ မဟုတ်တာလေ"

"အို . . . ဘာပဲဖြစ်ဖြစ် သေချာတယ်၊ အဲဒီကောင် အခန့်သင့်တာ တွေနဲ့ ဒိုင်ယာရီက သက်သေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား မိန်းမရာ၊ လောလောဆယ် မင်းပဲ သူများအခန်းထဲ တို့ နိုးဝင်ခဲ့တာနော်၊ ညီဇ လာမှ မသိမသာ မေးကြည့်လိုက်ပေါ့၊ ပြီးတော့ ... သူ့ဒိုင်ယာရီထဲမှာလည်း မင်းညီမနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ရေးမထားတာ"

စကားအဆုံးမှာ ခင်သန္တာ ပေါက်ကွဲတော့သည်။

"ဒီမှာ ကိုကျော် ... ခု မရေးရင်လည်း အဲဒီကောင်က နောက်ဆိုရင် ရေးတော့မှာလေ၊ အဲဒီအခါကျရင် ခင့်ညီမပဲ ခံစားရမှာပေါ့၊ တကယ်ဆို ရှင်နဲ့ အဲဒီကောင်က ဘယ်လိုစပ်စပ် အမျိုးတော်တာမှ မဟုတ်တာ၊ ကို့ မိန်းမရဲ့ညီမဘက်ကတော့ မနာဘူး"

စကားလုံးတွေက ပါဝါမြင့်လာသည်။ ကျော်မင်း ဘယ်လိုမှ နား မခံနိုင်တော့။ ထို့ကြောင့် ဝီစကီတစ်ခွက်ကို ခပ်ပြင်းပြင်းစပ်ကာ သောက် လိုက်ရင်း ...

"ကဲ ... တော်ပြီ ခင်သန္တာ၊ အဲဒီကိစ္စတွေကို မင်းဘာသာမင်း ညီမနဲ့ ရှင်းတော့၊ တကယ်ဆိုရင် ဒီအိမ်ပေါ် စတက်လာကတည်းက ညီဇ မင်း မျက်မှန်းကျိုးနေတာမဟုတ်လား၊ ငါ ဘာမှမသိချင်တော့ဘူး ပြောချင်ရင် တစ်ယောက်တည်းသာ ပြောပြီးကျန်ခဲ့တော့"

ထိုင်ရာမှ ဆတ်ခနဲထပြီး ကျော်မင်း ထွက်လာခဲ့သည်၊ ခင်သန္တာ၏ ပွစိပွစိ စကားသံတွေကိုလည်း နားထဲမကြားချင်တော့ပြီ။

ထို့ကြောင့် ရီဝေဝေအရှိန်လေးဖြင့် ကားပေါ်တက်ပြီးမှ ဘယ်သွား ရင် ကောင်းမလဲဟု စဉ်းစားလိုက်မိ၏။





ကြယ်စင်သွန်း ...။

ကောင်မလေးတစ်ယောက်၏ပုံရိပ်က မျက်စိထဲ တိုးဝင်လာ၏။

ဟုတ်ပြီ ...။

ဒင်းကလေးကိုသာ ရင်ခွင်ထဲထည့်ပြီး ဘီယာလေးစုပ်နေရင်တော့ ... အင်း ...။

ထိုအတွေးနှင့်ပင် ... ကျော်မင်း ကားကို မောင်းထွက်လိုက်၏။ …ထဲမှ ခင်သန္တာ၏အသံကြမ်းကြီးက ဝေး၍ ဝေး၍ ကျန်ခဲ့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဒီအနားကို ခဏလာခဲ့ပါဦး ညီဇာ နင်နဲ့ စာရင်းရှင်းစရာရှိလို့"

အိမ်ထဲသို့ ခြေချလိုက်စဉ်မှာပဲ ခင်သန္တာ၏စူးစူးဝါးဝါးစကားသံက ာန်လိုက်သော ဘောလုံးတစ်လုံး မျက်နှာလာမှန်သကဲ့သို့ ဆီးကြိုနှုတ် တ်လာသည်။

စာရင်းရှင်းဖို့ဆို၍ ရှေ့နေ ဦးသော်ကောင်းများ ရောက်နေလားဟု ေ့ကြည့်မိသေး၏။ မတွေ့။ ညီဇာ ရင်ဆိုင်လိုက်ရသည်က ဒေါသဖြင့် ချောင်တင်ထားသော ခင်သန္တာ၏ မျက်နှာကြီး။

ညီဇာက ခပ်တည်တည်ပဲ အနားသို့ လျှောက်သွားလိုက်ကာ . . .

"ဘာစာရင်းလဲ ဒေါ်ခင်သန္တာ၊ အမွေနဲ့ပတ်သက်တာဆိုရင်တော့ သော်ကောင်းနဲ့ပဲ တစ်ဆင့်ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်သန္တာ ရှားရှားရှားဖြစ်သွားရ၏။ တစ်ဆက်တည်းပဲ စိမ်မျက်နှာကို ဖွင့်ဝင်လိုက်သည်။

"ဒီ ရှင်းရှင်းပဲပြောမယ် ညီဇ . . . ငါ့ညီမနဲ့ ပတ်သက်နေတဲ့ ခန့်ခင်းသက်ဆိုတာ နင်ပဲလို့ ငါ သိပြီးပြီ၊ နင်က ဘာသဘောနဲ့ ငါ့ညီမကို ခုလိုကြံစည်တာလဲ"

မထင်ထား၍ ညီဇမျက်နှာ ကွက်ခနဲပျက်သွားရ၏။ ပြီးမှ အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် မခိုးမခန့်ရယ်ကာ . . .

"ဪ . . . ဪ . . . ဒီကိစ္စကို ခင်ဗျားတောင် သိသွားမှပဲကိုး။ ဘာသဘောလဲဆိုတော့ လူငယ်တွေတာသာဘာဝ သဘောပဲပေါ့ဗျာ၊ ကျုပ်ကလည်း လူပျို၊ ခင်ဗျားညီမကလည်း၊ အပျိုလေး၊ အဖိုနဲ့အမ ထိလို့ ငြိကြတာ ဘာသဘောများ ဖြစ်ရဦးမှာလဲ"

"တော်တော့ ညီဇ . . . နင် အပိုတွေမပြောနဲ့၊ နင့်အခန်းထဲက ဒိုင်ယာရီကို ငါ အားလုံးဖတ်ပြီးပြီ၊ အရင်ကောင်မလေးတွေလိုပဲ ငါ့ညီမအပေါ် ခံစားရအောင် နင်လုပ်ဖို့ ကြံစည်တာမလား"

စကားအဆုံးမှာ ညီဇက တဟားဟား ထပ်ရယ်လိုက်သည်။

"စွပ်စွဲလှချည်လား၊ ကျုပ်စိတ်ထဲမှာတောင် ကျွတ်ကျွဲ . . . အဲသေ ခင်ဗျားက ကျုပ်အခန်းထဲကိုတောင် ခိုးဝင်ပြီးမှကိုး။ အဲဒီလိုဆိုရင်တော့ ခင်ဗျားကို ပိုင်နက်ကျူးလွန်မှုနဲ့ . . ."

"ဘာ . . . ဘာပြောကာပယ်၊ လူယုတ်မာကများ တပြန်ကြီး၊ နင် . . . နင် . . . ငါ့ကို မကျေနပ်စိတ်နဲ့ ငါ့ညီမကို လှည့်စားပြီး ထားခဲ့မယ်ဆိုတဲ့





အကြံကို ရပ်တန်းက ရပ်လိုက်ပါ"

"အဲဒီလောက်နဲ့ ရပ်ထားရင် ခင်ဗျားဘက်က ဘာပေးမှာလဲ"

"ဘာ"

မထိတရိပြောလိုက်သော ညီဇစကားသံအဆုံးမှာတော့ ဒေါသကြောင့် ခင်သန္တာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာတော့သည်။

ညီဇကို စေ့စေ့ကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးလိုက်ပြီး . . .

"တောက်! . . . နင်တော့ဟာ၊ အေး . . . ဆက်လုပ်လိုက်လေ၊ ငါကလည်း ငါ့ညီမကို နင့်အကြောင်းတွေ ပြောပြလိုက်ရုံပေါ့"

ထိုစကားအဆုံးမှာပဲ ညီဇက လက်ကာပြသည်။ ချက်ချင်းပဲ မျက်နှာကို တည်လိုက်ရင်း . . .

"ဒီမှာ ဒေါ်ခင်သန္တာ . . . ခင်ဗျားနဲ့ကျုပ် မတည့်ဘူးဆိုတာ မှန်သယ်၊ ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံရရင် ကျုပ် . . ."

ရုတ်တရက် ဖုန်းမြည်သံကြောင့် စကားက ရပ်သွားရသည်။ ခင်သန္တာ၏ဟန်းဖုန်းက ထမြည်ခြင်းဖြစ်၏။

ခင်သန္တာက ဖုန်းကို လှမ်းယူကာ . . .

"ဟုတ်ကဲ့ . . . ခင်သန္တာပါ . . . ရှင်"

တစ်ဖက်က ဘာပြောလိုက်သည်မသိ။ လက်ထဲမှာ ကိုင်ထားသော ဖုန်းက လွတ်ကျသွားသည်။

ပြီး . . . ညီဇကိုကြည့်ရင်း ခင်သန္တာ သွေးပျက်စွာ ရေရွတ်သော အသံက . . .



www.burmeseclassic.com

www.burmeseclassic.com

"တို ... ကိုကျော် ... ကားအက်ဆီးဒန့်ဖြစ်လို့ ခု ... ခု အရေး

ပေါ်မှာတဲ့"

"ရှာ"

■



## အခန်း (၂၃)

မူးလျှင် မမောင်းနဲ့ဟူ၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဌာနမှ စည်းကမ်းထုတ်ပြန်ထားပါသည်။ ထိုစည်းကမ်းကို မလိုက်နာမိ၍ ကျော်မင်း တစ်ယောက် လမ်းဘေးသစ်ပင်နှင့် ကားဝင်တိုက်မိပြီး သေပွဲဝင်ရခြင်းဖြစ် သည်။

ခုတော့ ကျော်မင်း၏အသုဘအခမ်းအနားသည်လည်း အောင်မြင် စွာ ပြီးဆုံးသွားလေပြီ။ ထိုစကားစဉ်သည် သေသည့်လူအပေါ် အားမနာရာ ကျနည်သဘော သက်ရောက်သော်လည်း မတတ်နိုင်တော့။ မူးမူးရူးရူးပြင်း အားတိုက်သေသွားသော ကျော်မင်း၏မသာချပြီးပြီဆိုလျှင် ပိုရိုးရာကျမည် မဟုတ်လား။

မည်သို့ပင်ဖြစ်စေ ...



www.burmeseclassic.com

www.burmeseclassic.com



ကျော့်မင်းဒေါ်ရက်လည်အပြီးမှာတော့ ခင်သန္တာတစ်ယောက် ညီဇတို့ စကားမပြောတော့ချေ။ သေချာအောင် ထပ်ပြောရလျှင် အသုဘကာလအတွင်းတုန်းကလည်း ပြောဆိုခြင်းမရှိ။

ညီဇကတော့ ဘယ်လိုမှ သဘောမထားဘဲ လိုအပ်တာမှန်သမျှ ကူညီလိုက်ပါသည်။ အမျိုးမတော်သော်လည်း လောလောဆယ် ပတ်သက်နေသေးသည်လေ။

သို့သော်လည်း . . .

တစ်ခုထူးဆန်းသည်က အသုဘကာလအတွင်း ခင်သန္တာ၏ညီမဖြစ်သူ ရှုပါ ရောက်မလာခြင်းပင်။ ညီဇကတော့ မစပ်စုမိ။

အားလုံးပြီးစီးသွားချိန်မှာတော့ ခင်သန္တာ ပြတ်သားသော စကားကို ဆိုလာပါသည်။

"ညီဇ . . . ခု ကိုကျော်လည်း မရှိတော့ဘူးဆိုတော့ အမွေကိစ္စတွေက ငါနဲ့ပဲ ဆိုင်သွားပြီ အဲဒါ . . . ဦးသော်ကောင်းနဲ့တိုင်ပင်ပြီး အမြန်ဆုံးစီစဉ်ပေးပါ။ ကိုကျော်မရှိတော့တဲ့ ဒီအိမ်မှာ ငါ အကြာကြီး မနေချင်တော့ဘူး"

ညီဇ ခေါင်းညိတ်လိုက်ပါသည်။ ရှုပါနှင့် ပတ်သက်သည့်စကားကို 'ဟ' ချင်သော်လည်း ခင်သန္တာ၏မျက်နှာပေးကြောင့် မပြောဖြစ်တော့။ သူလည်း ခုလောလောဆယ် သောကများနေမှာပါပဲလေဟု တွေးပြီး စိတ်လျှော့ထားလိုက်သည်။

ထိုအကြောင်းတွေကို တိုးကျော်တို့နှင့် တိုင်ပင်ဖြစ်သေး၏။

တိုးကျော်က . . .





"အေးပေါ့ကွာ . . . အမွေတစ်ဝက်ကတော့ အစကတည်းက ဒေါ်နှင်းမင်းသဘောတူထားတာပဲ၊ လုပ်ပေးလိုက်ပေါ့"

"ပေးမှာပါ၊ ဒါပေမဲ့ . . . ငါ အခုပြောချင်နေတာက ရှုပါနဲ့ ပတ်သက်တာကွ"

ဇော်မိုး၏ရေရွတ်သံကြောင့် ညီဇက ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်တယ် ဇော်မိုး၊ ငါ ရှုပါ့ကို ချစ်မိနေပြီ၊ အဲဒါ . . . ငါလုပ်ခဲ့တဲ့ကိစ္စကို ခင်သန္တာကို အမှန်အတိုင်း ပြောပြလိုက်ချင်တယ်၊ ဒါပေမဲ့ . . . သူက ငါ့ဒိုင်ယာရီကို တွေ့ထားတော့"

"ခဏလေး ညီဇ . . . ခင်သန္တာက မင်းဒိုင်ယာရီကို တွေ့ထားတယ်ဆိုတာထက် အဲဒီကိစ္စတွေကို သူ့ညီမကို အသိပေးလိုက်ပြီလား, မပေးရသေးဘူးလား . . . အဲဒါကမှ ပိုအရေးကြီးတာ"

ထိုစကားကြောင့် ညီဇက သက်ပြင်းခပ်လေးလေး ချလိုက်မိပြီး . .

"အင်း . . . လောလောဆယ်တော့ ရှုပါက မပြောသေးဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ မနေ့ကပဲ ရှုပါနဲ့ တွေ့သေးတယ်၊ ရှုပါ့ပုံစံကတော့ အရင်အတိုင်းပဲ"

"အဲဒါဆိုရင်တော့ အချိန်သိပ်မဆွဲနဲ့တော့ညီဇ၊ ရှုပါ့ကို အဖြစ်မှန်တွေ အမြန်ဆုံး သွားရှင်းပြလိုက်တော့၊ ကြာရင် အခြေအနေက ပိုပြီးရှုပ်ထွေးသွားလိမ့်မယ်"

ဟုတ်တယ်ဟု တွေးရင်း ညီဇ လှုပ်လှုပ်ရှားရှားဖြစ်သွားမိသည်။ အချိန်ဆွဲမနေတော့ဘဲ ချက်ချင်းပင် ဖုန်းထုတ်ကာ ရှုပါ့ဆီသို့ ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို"

ရှုပါဆီမှ ထူးသံကို ကြားလိုက်ရချင်း ညီဇာက ...

"ရှုပါ ... ကိုယ် ရှုပါ့ကို အရေးတကြီး ပြောစရာရှိလို့ ခုပဲ တွေ့နေကျဆိုင်မှာ တွေ့ရအောင်နော်"

ရှုပါဘက်မှ ခေတ္တမျှအသံဆိတ်နေသေးသည်။ ကိစ္စတစ်ခုခုများ ရှိနေ၍လားမသိ။ ခဏကြာမှ ပြန်ပြောလာသည်။

"အင်း ... ပြောစရာရှိတယ်ဆိုရင်လည်း ရှုပါ ခုပဲ ထွက်လာခဲ့မယ် ဒါပဲနော်"

ဖုန်းပြောအပြီးမှာပဲ ညီဇာက ထိုင်နေရာမှ ထရပ်လိုက်ရင်း ...

"ကဲ ... ငါသွားလိုက်ဦးမယ်၊ အကြောင်းစုံ ဖွင့်ပြောပြီးတော့မှပဲ ဒီ လိပ်ပြာလုံလုံနဲ့ ဆက်ချစ်လို့ရမှာကွ"

နှစ်ကောင်စလုံးက ညီဇာကို ပြန်ကြည့်လာသည်။ ပြီး ... တိုးကျော်က လေသံခပ်မှန်မှန်ဖြင့် ...

"ကံကောင်းပါစေ ညီဇာ"

■



## အခန်း (၂၄)

တွေ့နေကျနေရာတွင် တွေ့သော်လည်း ဆုံနေကျမျက်နှာထားမျိုး မဟုတ်ဟု ညီဇာ ထင်မိသည်။ ရှုပါ့မျက်နှာပေါ်က အေးစက်သည့် အရိပ်အငွေ့တွေကို ထွန်ယက်လိုက်မိ၍ဖြစ်၏။

ရှုပါ၏ပုံစံကြောင့် ညီဇာက ...

"ရှုပါ ဘာဖြစ်နေတာလဲဟင် ... ပုံစံက တစ်မျိုးပါလား"

စကားအဆုံးမှာ ရှုပါက နှုတ်ခမ်းလေးတွန့်ကွေးရုံမျှ ပြုံးသည်။ ထိုအပြုံး၏အဓိပ္ပာယ်ကို ညီဇာ ပြည့်ပြည့်ဝဝ မဖော်တတ်ချေ။

ထိုအချိန်မှာပဲ ရှုပါ၏ရေခဲပြင်မျက်နှာဆီမှ စကားသံအချို့ ထွက်လာသည်။

"ဒီမှာ ချိန်းလိုက်တာ ဘာပြောမလို့လဲ ကိုညီဇာ ရှင်သက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ နာရီကိုရပ်ဖို့ အချိန်အတိအကျ သိချင်လို့လား''

"တင်''

ညီဇ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားရသည်။ ပြန်ပြောရန် စကားလုံးတွေကို လေထဲ၌ ဖမ်းယူနေစဉ်မှာပဲ . . .

''ရှင် သိပ်တော်တယ် ညီဇ၊ ဒါပေမဲ့ . . . ရှင့်လုပ်ရပ်တွေကို ကျွန်မကြိုသိနေမယ်ဆိုတာကိုတော့ ရှင် တွေးမထားမိဘူးမလား''

''ဘာ . . . ဘယ်လို ဘယ်လို ရူပါ၊ ကိုယ်ရှင်းပြပါရစေ၊ ဒီ . . . ဒီကိစ္စတွေကို ရူပါ တကယ်ကြိုမသိခဲ့ဘူးလို့ ပြန်ပြောပါ၊ ကိုယ် အားလုံးကိုရှင်းပြပါ့မယ်''

လှောင်ရယ်သံလေးက အရင်ထွက်လာသည်။ ပြီး မျက်နှာတစ်ခုလုံး တင်းမာခက်ထန်လာရင်း . . .

''ဘာပဲပြောပြော အားလုံးဟာ ဂိမ်းအိုဗာဖြစ်သွားပြီ ညီဇ၊ အခုတော့ ရှင့်ရဲ့နာရီကို ရပ်ပစ်ဖို့ ကျွန်မကပဲ အချိန်သတ်မှတ်ပေးလိုက်ပါ့မယ်''

စကားအဆုံးမှာပဲ ရူပါ၏လက်တစ်ဖက်က ဝဲပျံရောက်ရှိလာသည်။ ညီဇ အံကြိတ်ရင်း မျက်စိစုံမှိတ်ထားလိုက်မိ၏။

သို့သော် . . .

မျှော်လင့်ထားသော နာကျင်မှုက ပါးထက်ဆီသို့ ရောက်မလာချေ။ အေးစက်သောစကားသံအချို့ကိုသာ ကြားလိုက်ရ၏။

''ရှင်ထင်ခဲ့သလို ကျွန်မဟာ မမခင်သန္တာလိုပဲ ငွေမက်တဲ့မိန်းမတစ်ယောက်ပါ၊ အဲဒါကြောင့် . . . ရှင့်ကို လက်ခံခဲ့တာပေါ့၊ ဒါပေမဲ့ ကျွန်မရဲ့





လောဘထက် ရှင့်ရဲ့ထောင်ချောက်က ပိုပြီးယုတ်မာလို့ ပါးရိုက်ဖို့တောင် စိတ်ကုန်သွားပြီ ညီဇ''

မျက်စိကို ပြန်ဖွင့်ကြည့်လိုက်ချိန်မှာတော့ ရူပါက ခပ်လှမ်းလှမ်းဆီသို့ ရောက်ရှိနေခဲ့လေပြီ။

ပါးရိုက်ခံလိုက်ရတာထက် ပူရှနာကျင်သော ခံစားမှုကို ညီဇ လက်ခံလိုက်ရသည်။ ဖျစ်ညှစ်ခံလိုက်ရသော နှလုံးသားသည်လည်း သွေးစိမ်းတွေ ဘစက်စက် ကျနေသကဲ့သို့ပင်။

ပြေးလိုက်သွားရန် ပြင်လိုက်ပြီးမှ ညီဇ ခြေလှမ်းတွေ တုံ့ဆိုင်းသွားရသည်။

ဂိမ်းအိုဗာ . . .။

ထိုစကားလုံးကို ပြန်လည်ကြားယောင်လိုက်ရင်း ညီဇ အလုပ်တစ်ခုကို ခက်ခဲစွာ လုပ်မိလိုက်ပါသည်။

ထိုအရာက တခြားမဟုတ်။ နာရီမှ သော့သီးလေးအား တစ်ဆစ်ချိုးကာ ရပ်တန့်ပစ်လိုက်ခြင်းပင်ဖြစ်၏။

တကယ်ရပ်တန့်သွားသော နာရီလက်တံနှင့်အတူ ညီဇ အဓိပ္ပာယ်သတ်မှတ်လိုက်သော နှလုံးသား၏ ရိုးရာအသစ်ကလည်း . . .

Game over ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အားလုံး ပြီးသွားပြီပဲ ညီမလေးရယ်၊ ဝဋ္ဋနဲ့ လက်ထပ်ဖို့ကိစ္စကို လက်ခံလိုက်ပါတော့နော်"

အစ်မဖြစ်သူ၏စကားသံအဆုံးမှာ ရှုပါ ပင့်သက်ကိုပဲ ရှိုက်လိုက်မိသည်။ မျက်နှာပေါ်မှာ ဟန်ဆောင်နေရသော်လည်း ညာလို့မရသည့်နှလုံးသားကတော့ နာကျင်နေသေးသည်လေ။

ထို့ကြောင့် လေးလေးကန်ကန်ပဲ ပြန်ပြောလိုက်၏။

"ညီမလေး ... အချိန်ယူပြီး စဉ်းစားချင်သေးတယ် မမ"

ခင်သန္တာက မျက်နှာကို ရှုံ့မဲ့လိုက်သည်။ ပြီး ...

"ဘာလဲ ... ဟိုကောင့်ကို စိတ်ထဲက မထုတ်နိုင်သေးလို့လား အဲဒီကောင်ရဲ့အကြောင်းတွေကိုလည်း ငါ့ညီမ အားလုံးသိပြီးပြီပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ရှုပါ ခေါင်းအသာခါယမ်းလိုက်မိသည်။ ဟိုကောင်ဟူသော နာမ်စားက ညီဇာကို ရည်ညွှန်းမှန်းသိသဖြင့် ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရ၏။

သူမ . . . တကယ်ပဲ ညီဇာကို မောင်းထုတ်လိုက်နိုင်ပြီလား!

ဦးနောက်ထဲကဆိုလျှင် အင်း . . . ဟု ဖြေဖြစ်မည်ဖြစ်သော်လည်း နှလုံးသားကို ထပ်မေးကြည့်လျှင်တော့ . . . အို . . .။

ပြီး လောလောဆယ် သူမ ရောက်ရှိနေတာကလည်း ညီဇာနေခဲ့သော အိမ်ပါလားဟူသောအတွေးကလည်း ခေါင်းထဲ ချက်ချင်းဝင်လာသည်။

ထို့ကြောင့် ခင်သန္တာကိုကြည့်လျက် . . .

"မမ . . . ဒီအိမ်ကနေ မမ ဘယ်တော့ပြောင်းမှာလဲဟင်"

"အမွေကိစ္စတွေ ပြီးသွားပြီဆိုတော့ ဒီရက်ပိုင်းမှာပဲ ပြောင်းမယ်လေ၊ ဘာဖြစ်လို့လဲ"

"ဒါ . . . ဒါဆို . . . ဟိုလူကရော"

ညီဇာကို ရည်ညွှန်းလိုက်ခြင်းဖြစ်သည်။ ခင်သန္တာကလည်း သဘောပေါက်စွာ . . .

"ညီဇလား . . . ဒင်းကတော့ မမ ပြောင်းပြီးတော့မှပဲ ပြန်လာမယ်လို့ ဦးသော်ကောင်းက ပြောတာပဲ"

"သြော်"

ထိုအချိန်မှာပဲ ချောင်းဟန့်သံတစ်ချက်ကို ကြားလိုက်ရ၏။ အသံလာရာဆီကြည့်လိုက်တော့ ရှေ့နေကြီး ဦးသော်ကောင်း။ အသက်က ရှည်ဦးမည်။





အနားသို့လျှောက်လာပြီး ဦးသော်ကောင်းက စာရွက်တချို့ကို အဘော်ချိကေ့စ်ထဲမှ ထုတ်ယူလိုက်သည်။

ပြီး . . . ရှုပါကိုကြည့်လျက် . . .

"ဒီက . . . ခင်သန္တာရဲ့ညီမ ခင်ရှုပါဆိုတာ ထင်တယ်"

ရှုပါ ကြောင်အမ်းသွားရသည်။ ခင်သန္တာကလည်း နားမလည်သောအနေဖြင့် . . .

"ဟုတ် . . . ဟုတ်ပါတယ်၊ သူက ကျွန်မ,ညီမလေး ရှုပါ,ပါ . . . ဘာများဖြစ်လို့လဲ"

ဦးသော်ကောင်းက သေလံမှန်မှန်နှင့်ပဲ . . .

"သြော် . . . ညီဇာက လွှတ်လိုက်လို့ပါ၊ ဒီအိမ်ကြီးကလွဲပြီး သူ့အတွက် ဝေစုအမွေကို ဒီက ခင်ရှုပါအတွက် လွှဲပေးလိုက်ဆိုလို့ပါ"

"ရှင်"

"အို"

နှစ်ယောက်စလုံးဖြစ်သွားသော ပုံစံကိုကြည့်ကာ ဦးသော်ကောင်းက ခပ်ဟာဟာရယ်လျက် . . .

"ဟုတ်ပါတယ်၊ ကျွန်တော် ဟာသလာပြောနေတာ မဟုတ်ပါဘူး ညီဇာပြောအရ ကျွန်တော်သိသလောက်ဆိုရင် ခင်ရှုပါ သူ့ကိုချစ်ခဲ့တာဟာ ငွေကြေးဆိုင်မှုတွေကို မက်မောတယ်ဆိုလို့ ပေးတာလို့ထင်တာပဲ"

"အို"

ရှုပ့်မျက်ဝန်းထဲ မျက်ရည်တွေ ဆို့တက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွေ့ခဲ့သည့်နေ့က ညိုအပေါ် နာကြည်းစိတ်ဖြင့် သူမ တစ်ခင်ပြောခဲ့သည့် စကားတွေကိုလည်း ပြန်ကြားယောင်လိုက်မိ၏။

ထိုအတွေးနှင့်အတူ ခေါင်းကို ခါယမ်းလိုက်မိပြီး ...

"မဟုတ်ဘူး။ အဲဒီလို မဟုတ်ဘူး။ ကျွန်မ လုံးဝလက်မခံနိုင်ဘူး"

အရူးတစ်ယောက်လို ရေရွတ်လိုက်ပြီးမှ ခင်သန္တာကို စေ့စေ့ကြည့်လိုက်ရင်း ...

"မမ ... ညို ... ညိုမလေး ... ညိုနေခဲ့တဲ့အခန်းကို ကြည့်ချင်တယ်"

■



## အခန်း (၂၆)

သူမရှေ့မှာတော့ ဒိုင်ယာရီစာအုပ်နှင့်ညို၏ နောက်ဆုံးပတ်ခဲ့သော နာရီလေးက မတုန်မလှုပ်ရှိနေသည်။ မငံ့မရဲသော ဆုံးဖြတ်ချက်တွေနှင့် သက်လှမ်းရန် ချီတုံချတုံဖြစ်နေမိသည်ကလည်း သူမ,ဆိုသည့် ခင်မှုပါ။

ရပ်ထားသောနာရီလေးကို တစ်ချက်ကြည့်လိုက်ပြီးမှ ပင့်သက်ရှိုက်ရင်း ဒိုင်ယာရီစာအုပ်ကို လှမ်းယူလိုက်သည်။

စာအုပ်ကို ဖွင့်ဖွင့်ချင်းပင် ...

ညိုဖနှင့်ပတ်သက်ခဲ့သော ကောင်မလေးတွေက စာရွက်တစ်ရွက်စီမှာ တစ်ယောက်ချင်း နေရာယူထားသည်ကို တွေ့လိုက်ရသည်။

ရေးထားသည့်စာကြောင်းတွေကတော့ ထိုရည်းစားကို မြင်ခဲ့ရက် သောအချိန်နာရီနှင့် ဖြတ်လိုက်ရသောအကြောင်းအရာများပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ညီဇာဆိုသော . . . သူမ ချစ်ခဲ့သည့်လူသည် ရည်းစားတစ်ယောက်နှင့် ပြတ်တိုင်း ပတ်ထားသောနာရီတစ်လုံးမှ အချိန်ကို ရပ်ပစ်တတ်သူပါလား။

စာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် လှန်လိုက်တိုင်း ရပ်ထားသော အချိန်နာရီတစ်ခုက ရှုပါကို လှောင်ပြောင်နေသလိုရှိ၏။

နောက်ဆုံး ရှုပါဟု နာမည်တပ်ထားသော စာမျက်နှာအရောက်မှာ ရုတ်ခနဲ စာအုပ်ကို ပိတ်လိုက်မိသည်။

ထိုစာမျက်နှာကို သူမ မဖတ်ရဲ၊ ညီဇာ ဘာရေးထားမည်ကို ရှုပါ နိုပ်မိသလိုလို ရှိလာသည်။

သူ ငါ့ကို ငွေမက်တဲ့မိန်းမလို့ တကယ်ထင်သွားမှာပေါ့။ အဲဒီကိစ္စကလည်း သူ နာရီကို ရပ်တန့်ပစ်ဖို့ အကြောင်းတစ်ခုပဲလေ။

ရှုပါ အံကို တင်းတင်းကြိတ်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ညီဇာ ရေးခြစ်ခဲ့သောအကြောင်းအရာတွေနှင့် သူမသည် တိုက်ရိုက်ပတ်သက်တာပဲ မဟုတ်လား။

ထို့ကြောင့် . . .

ငိုရှိုက်ရန် မျက်ရည်တွေစလိုက်ပြီး သူမအတွက်ရေးထားသော စာမျက်နှာကို ရှုပါ ဖွင့်ဖတ်လိုက်လေ၏။

ခပ်သော့သော့လက်ရေးထက်၌ သူမ၏အကြည့်က ပြေးလွှားနေသည်။

ဖတ်ရင်း . . . ဖတ်ရင်းပင် သူမ၏နှလုံးသားကို ခလုတ်နှိပ်လိုက်





သော စာကြောင်းတွေကြောင့် ဖော်မပြတတ်သောခံစားမှုကို ရှုပါ ခံစားလိုက်ရတော့သည်။

ကိုယ့်ရဲ့ရှုံးရာဟာ ပြောင်းလဲခဲ့ပြီ ရှုပါ။ အဲဒါဟာ အချစ်ကြောင့်ပဲ။ ကိုယ်ဟာ အကြိမ်ကြိမ်ပဲ နာရီတွေကို ရပ်တန့်ပစ်ခဲ့ဖူးပါတယ်။ အဲဒါဟာ မိန်းကလေးတစ်ယောက်တိုင်းကို ကိုယ့်စိတ်သန္တာန်ထဲက မောင်းထုတ်လိုက်တဲ့ အချိန်မှာပေါ့။

ခုလည်း ရှုပါနဲ့ပတ်သက်တဲ့ အချိန်နာရီတစ်ခု ကိုယ်ရပ်တန့်မိခဲ့ပြီ။ အဲဒါဟာ အရင်လိုတော့ မဟုတ်ဘူး။ ဒီတစ်ခါ ကိုယ်ရပ်ပစ်လိုက်တဲ့အချိန်က ရှုပါဆိုတဲ့ကောင်မလေးကို စူးစူးနစ်နစ် ချစ်မိသွားတဲ့အတွက် ကိုယ့်နှလုံးသားဟာ ဆက်သွားလို့မရအောင် ရပ်တန့်သွားတာမျိုးပါ။

ဆိုလိုရင်းကတော့ အဲဒီရပ်တန့်လိုက်တဲ့ နာရီမှာပဲ ကိုယ့်နှလုံးသားဟာ မင်းဆီမှာ တယုတယနဲ့ သေမိန့်ကျသွားခဲ့ပါပြီ ရှုပါရယ်။

ဒိုင်ယာရီစာအုပ်ကို ကိုင်ထားသော လက်အစုံက တဆတ်ဆတ် တုန်ယင်နေသည်။ ကြည်နူးမျက်ရည်တွေနှင့်အတူ ရှုပါ စာအုပ်ကို ပိတ်လိုက်၏။

ပြီး . . . ဖုန်းထုတ်ကာ နံပါတ်တစ်ခုကို အရင်ရှာလိုက်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



. . . ဇော့်မရဲ့ပြောလိုက်သည့်စကားသံလေးကတော့ . . .

"ဟဲ့လို . . . ကိုညီဖရဲ့သူငယ်ချင်း ကိုတိုးကျော်ဆိုတာလားဟင် ... တွန်ခ . . . ကျွန်မက . . . ရှုပါ . . . ပါ . . . ဟိုလေ . . . ကိုညီဇ ရှိနေနိုင်မယ့် နေရာရှား သိမလားလို့"

■



BURMESE CLASSIC .com

## အခန်း (၂၄)

တိုးကျော် လမ်းညွှန်လိုက်သော နာရီအရောင်းဆိုင်၏ လမ်းတစ်ဖက် ခပ်လှမ်းလှမ်းမှ ရှုပါ စောင့်ကြည့်နေလိုက်သည်။

သိပ်မကြာလိုက်။ မြင်ဖူးနေကျ ကားလေးနှင့်အတူ ညီဇ ရောက်လာလေ၏။

စိတ်အေးအေးထားပြီး ဆက်စောင့်နေလိုက်သည်။ လှပသော အနာဂတ်ကိုရောက်ဖို့ အချိန်အပိုင်းအခြားတစ်ခုကိုတော့ သူမ သည်းခံကာ စောင့်ရဦးမည်လေ။

ခဏအကြာမှာပဲ ညီဇ ထိုဆိုင်ထဲမှ ပြန်ထွက်လာပြီး ကားမောင်းထွက်သွားသည်။

ထိုအချိန်ရောက်မှ ရှုပါက လမ်းကူးကာ ဆိုင်ထဲသို့ ဝင်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သိရှိသည်ကို နာရီအရောင်းကောင်တာမှ ကောင်မလေးထံမှာ စုံစမ်းလိုက်တော့ ...

"ဘယ်လိုလဲ မသိပါဘူး အစ်မရယ် ... နေ့တိုင်း မပျက်မကွက် လာလာပြီး နာရီတွေကို လာကြည့်နေတာ၊ တစ်ခါမှလည်း မဝယ်ဘူး"

ရှပါ ကိုးတ်ရှုပြုံးလိုက်မိသည်။ စိတ်ထဲမှာတော့ ...

"သူ့မှာ နာရီထပ်ဝယ်စရာ ဖာတ်လမ်းမရှိတော့လို့ အာသာပြေ လာကြည့်တာပဲ နေမှာပေါ့ကွယ်"

ထိုအတွေးနှင့်အတူ ရှပါက အိတ်ထဲမှ နာရီတစ်လုံးကို ထုတ်လိုက်ပြီး ...

"ညီမလေး ... အစ်မကို တစ်ခုလောက် ကူညီပါလားဟင်"

■



## အခန်း (၂၀)

"ဟင်"

ရှုံးကော့ထဲမှာ နာရီတစ်လုံးကို ကြည့်ရင်း ညီဇ မျက်မှောင်ကြုတ်မိသွားသည်။

ဒီနာရီမှ ဒီနာရီအစစ်၊ ရပ်ထားသောလက်တံတွေကို ကြည့်ရင်း သေချာသွားသည်ဟု ထင်လိုက်မိသည်။

ထို့ကြောင့် ဝန်ထမ်းကောင်မလေးအား မေးရန် စကားစလိုက်၏။

"ညီ ... ညီမလေး ... ဒီနာရီလေးက"

စကားပင် မဆုံးလိုက်။ ကောင်မလေးက ခပ်သွက်သွက်ပင် ...

"(...) အမျိုးအစားနာရီလား အစ်ကို၊ ဈေးနှုန်းက (...) ပါ။ ... လဲ ... ဒီနေ့တော့ အစ်ကိုက နာရီတကယ်ဝယ်တော့မှာလား"

www.burmeseclassic.com



"ဟိုလေ . . . အင်း . . . အဲ"

ဘာဆက်ပြောရမည်မှန်းမသိဘဲ ညီဇ ခေါင်းကုတ်လိုက်မိ၏။ သူ ပြောချင်သည့်စကားကို ဒီကောင်မလေး နားလည်မည်တဲ့လား။

နောက်ဆုံးတော့ ညီဇ ဆုံးဖြတ်လိုက်၏။ ကိုယ့်ဘဝ၏တစ်စိတ် တစ်ပိုင်းနှင့် ပတ်သက်နေသော (ခုလို တိုက်တိုက်ဆိုင်ဆိုင်) တွေ့နေရသည့် နာရီလေးကို ဝယ်လိုက်တော့မည်ဟု . . .။

ထိုဆုံးဖြတ်ချက်နှင့်အတူ . . .

"အဲဒီနာရီပဲ ယူလိုက်မယ် ညီမ . . ."

ပြောရင်း ကျသင့်ငွေကို ထုတ်ကာ တွက်ပေးလိုက်သည်။ ဝန်ထမ်း ကောင်မလေးက ပိုက်ဆံကို စစ်ယူလိုက်ပြီးမှ ရှိုးကေ့စ်ထဲမှာ နာရီလေးကို ထုတ်ကာ . . .

"တစ်ခါတည်း အချိန်ကို တိုက်ပေးလိုက်မယ်နော်"

ထိုသို့ပြောရင်း လက်ရွယ်လိုက်စဉ်မှာပဲ ညီဇက အလန့်တကြား လက်ပြလိုက်ပြီး . . .

"ဟာ . . . မတိုက်နဲ့ မတိုက်နဲ့၊ အဲဒီလိုရပ်နေတဲ့ အချိန်အတိုင်း လိုချင်တာဗျ"

ထိုစဉ်မှာပဲ . . .

"အချိန်တွေကို သွားခွင့်ပြုလိုက်ပါလားရှင်၊ ရပ်နေတဲ့ နာရီလက်တံနဲ့အတူ နှလုံးသားတစ်ခုကိုလည်း မျိုသိပ်မြှုပ်နှံပြီး ရပ်မထားပါနဲ့တော့"

"ဟင်"





ထိုစကားသံကို နောက်ဘက်ဆီမှ ကြားလိုက်ရ၍ ညီဇ လှည့်အကြည့် . . .

အံ့ဩမှုကြောင့် ကမ္ဘာကြီးတောင် တုန်ခါသွားသလို ခံစားလိုက်ရလေသည်။

ပါးစပ်ကလည်း အထစ်ထစ်အငေါ့ငေါ့နှင့် . . .

"ရူပါ . . . ရူပါ . . . ဒါ . . . ဒါဆို . . . ဒီ . . . ဒီနာရီက"

ရူပါက ချစ်စဖွယ် ခေါင်းညိတ်ပြလာသည်။ ညီဇက တစ်ချက် ငိုင်းစားလိုက်ပြီးမှ လက်ပတ်နာရီလေးကိုယူကာ နာရီလက်တံတွေကို အချိန်မှန်ဖြစ်အောင် ရွှေ့လိုက်ပါ၏။

ပြီး . . . ရူပါဆီသို့ လျှောက်လှမ်းလာသော ညီဇ ခြေလှမ်းတွေကလည်း၊ နာရီလက်တံတွေကဲ့သို့ နရီစည်းချက်မှန်မှန်နှင့် . . .

နှစ်အဆက်ဆက်ရှိလာဦးမည့် အထိမ်းအမှတ်အချိန်တစ်ခုကလည်း သူတို့နှစ်ဦး၏ဆုံမှတ်တွင် အတိအကျ စောင့်ကြိုလျက် . . .။

လေးစားစွာ

မိုးစက်ခိုင်

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

ည ၇ နာရီ ၉ မိနစ်

www.burmeseclassic.com